ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့။ Friday, 22 July 2022 ၁၀၈၀၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၆/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

# မိမိတို့နိုင်ငံ ပညာရည်မြင့်မားရေး အားလုံးက တွန်းတွန်းတိုက်တိုက်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ပညာသင်ကြားရေးသည် နိုင်ငံအတွက် လူသားအရင်းအမြစ်များ မွေးထုတ်ပေးခြင်းဖြစ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်သွားမည်

**နေပြည်တော် ဇူလိုင် ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၆/၂၀၂၂)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ကြေးမုံ

# ဥပဒေဘောင်အတွင်းဝင်ရောက် ပူးပေါင်းပါဝင် နိုင်ငံအကျိုးပြု

နယ်စပ်ဒေသများနှင့် အချို့သော EAO အဖွဲ့များထံ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများသို့ သတင်းပေးပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်နှင့်အညီ အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က နေ့စဉ်အသိပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသည်ကို မြင်တွေ့နေရ၍ ဝမ်းမြောက်ပီတိဖြစ်ရပါသည်။

နိုင်ငံတော်ကို အလုံးစုံပျက်သုဉ်းစေရန် ပြုလုပ်နေကြသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ပြည်သူများအား ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှုနှင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများကို ပြုလုပ်လျက်ရှိရာ အချို့သော CDM ဝန်ထမ်းများ၊ စိတ်ခံစားလွယ်သည့် ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များသည် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း EAO များထံသို့ ရောက်ရှိသွားကြပြီး ၎င်းတို့ထံတွင် သေနတ်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲရေးသင်တန်းများ၌ ပါဝင်တက်ရောက်ခဲ့ကြသည်။ အဆိုပါသင်တန်းများသို့ တက်ရောက်ခဲ့ကြသူများအနက်မှ အချို့လူငယ်များသည် အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ကြပြီး ပြည်တွင်း/ပြည်ပ ဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်နေကြကြောင်း ကြားသိရသည်။

အဆိုပါ လူငယ်များသည် မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုကြသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ နှောင့်ယှက်အန္တရာယ်ပေးမှု၊ ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက်ထားမှုများကြောင့် ပြန်လည်လာရောက်နိုင်ရန် အခက်အခဲများရှိနေကြသည်ကို သက်ဆိုင်ရာများသို့ ဆက်သွယ်၍ သတင်းပေးပို့ချက်များအရ သိရှိရသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်တွင်းရှိ နေရပ်ဒေသများသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်သတင်းပို့ကြသူများအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လုံခြုံစိတ်ချ အာမခံချက်ရှိစွာဖြင့် အေးချမ်းစွာနေထိုင်နိုင်ရန် ဆောင်ရွက်ပေးနေပြီဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံအတွင်း၌ နိုင်ငံရေးအပြောင်းအလဲကို အကြောင်းပြု၍ လမ်းမှားသို့ရောက်ရှိသွားကြသော လူငယ်လူရွယ်များ၏ အခြေအနေများကို ပြည်သူများအားလုံး မြင်တွေ့ကြားသိနေရပေသည်။ လမ်းမှားသို့ ရောက်ရှိသွားကြသော လူငယ်လူရွယ်များအနေဖြင့် အသိတရားရကြသည်ဖြစ်စေ၊ အသိမဲ့ အမှောင်ဖုံးသည်ဖြစ်စေ ဥပဒေဘောင်ပြင်ပတွင် ဒုက္ခဆင်းရဲများနှင့် ကြုံတွေ့ကြရမည်သာဖြစ်သည်။ မည်သူတို့ မည်သို့ပင် ဒုက္ခရောက်သည်ဖြစ်စေ အားလုံးသည် မြန်မာနိုင်ငံသားများပင်ဖြစ်၍ စိတ်မကောင်းဖြစ်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့၏ နိုင်ငံသားများအပေါ် ကိုယ်ချင်းစာစိတ်ထား၍ အသိမှန် အမြင်မှန်ရကြသူများကို ကယ်တင်စောင့်ရှောက်ပေးလျက်ရှိပြီး အသိမှန် အမြင်မှန်မရကြသူများကို ဖယ်ရှားရှင်းလင်းနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော ပညာရေးဝန်ထမ်းများ၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်၍ စနစ်တကျလက်ခံပေးလျက်ရှိသည်။

ယခုအခါ NUG အမည်ခံအုပ်စုများနှင့် PDF အမည်ခံအုပ်စုများ၏ အကြမ်းဖက်အဖျက်လုပ်ရပ်များကို မျက်ဝါးထင်ထင် တွေ့မြင်သိရှိလာကြပြီး ၎င်းတို့၏လုပ်ရပ်များကို လက်ခံနိုင်မှုမရှိတော့ခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံနားလည်လာခြင်း၊ မိမိတို့နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုကြခြင်းဆန္ဒများရှိနေကြရာ ယခုအခါတွင် နိုင်ငံတော်အစိုးရက မိဘသဖွယ်သဘောထားပြီး ပြည်သူတို့၏ နေ့စဉ်လူမှုဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရန် အာမခံချက်ပေးထားသောကြောင့် အေးချမ်းသည့် မိဘရင်ခွင်သို့ ပြန်လည်ခိုဝင်နေကြပြီဖြစ်သည်။

သို့ဖြစ်ရာ လမ်းမှားသို့ ရောက်ရှိသွားကြသော လူငယ်လူရွယ်များအနေဖြင့် အသိမှန်အမြင်မှန်ရရှိကြပြီး နိုင်ငံတော်အစိုးရ၏ စေတနာကို အကြွင်းမဲ့လက်ခံယုံကြည်၍ တည်ငြိမ်အေးချမ်းသည့် မိဘရင်ခွင်၊ လုံခြုံစိတ်ချရသည့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ကြကာ စည်းလုံးညီညွတ်သော အင်အားများဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အတူလက်တွဲပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မော်တော်ယာဉ်မောင်းနှင်သူသည် မီးဖွင့်မောင်းရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၀၅)

မော်တော်ယာဉ်မောင်းနှင်သူသည် မီးဖွင့်မောင်းရာတွင် အောက်ပါအချက်များကို လိုက်နာရပါမည်-

(က) မည်သည့်မော်တော်ယာဉ်မဆို နေဝင်ပြီးအချိန်မှ နေမထွက်မီအချိန်ထိတွင်လည်းကောင်း၊ ရာသီဥတုကြောင့် အလင်းရောင်နည်းနေသည့် နေ့အချိန်တွင်လည်းကောင်း အလင်းရောင်ရရှိစေရန်အတွက် မီးဖွင့်၍ မောင်းနှင်ရမည်။

(ခ) မော်တော်ယာဉ်ရှေ့မီးကြီးများကို မျက်နှာချင်းဆိုင်လာသူများ မျက်စိမစူးစေရန် အောက်စိုက်၍ အသုံးပြုရမည်။ အကယ်၍ မျက်နှာချင်းဆိုင် မော်တော်ယာဉ်မီးကြောင့် မျက်စိစူးပါက မိမိမော်တော်ယာဉ်၏အမြန်နှုန်းကို လျှော့မောင်းရမည် သို့မဟုတ် ခေတ္တရပ်ပေးရမည်။ အခြားမော်တော်ယာဉ်နောက်မှလိုက်၍ မောင်းနှင်နေပါက မိမိမော်တော်ယာဉ်၏ ရှေ့မီးကြီးများကို အောက်စိုက်၍ မောင်းနှင်ရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## အင်းစိန်မြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်မြို့နယ်)နှင့် အင်းစိန်မြို့နယ် စာအုပ်၊ စာပေ ချစ်မြတ်နိုးသူများ၊ စာပေဥယျာဉ်အသင်းတို့ ပူးပေါင်း၍ ဝါဆိုဦးစာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် အင်းစိန်မြို့နယ်ရှိ လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် စာရေးဆရာများဖြစ်ကြသော ဆရာမောင်သာတင့်၊ စိန်ညိုမြင်း (ထန်းတပင်)၊ ရွှေဘုတ် (အင်းစိန်)နှင့် အောင်နေစစ်တို့က ၎င်းတို့ဖတ်ရှုလေ့လာရေးသားခဲ့ကြသည့် စာအုပ်စာပေများနှင့် စာပေဘဝအတွေ့အကြုံများကို စိတ်ဝင်စားဖွယ် ဆွေးနွေးပြောကြားသွားကြပြီး တက်ရောက်လာကြသည့် အင်းစိန်မြို့နယ် စာရေးဆရာအသင်းဝင်များဖြစ်ကြသည့် ဆရာသက်လှိုင်မျိုး (စက်မှုတက္ကသိုလ်)၊ ဝင်းနွယ်(ပုသိမ်)၊ မော်ကျွန်းရဲခိုင်၊ အရာခံဗိုလ် သစ်လွင် (ငြိမ်း)နှင့် ရွှေမော်သန်းထိုက်တို့က သိလိုသည်များကို မေးမြန်းဆွေးနွေး အသိအမြင်ချင်းဖလှယ်ကြကြောင်း သိရသည်။

ဉာဏ်ဟိန်း



မြန်မာ့စီးပွားရေးဘဏ် (ကြည့်မြင်တိုင်) ဘဏ်ခွဲတွင် ဇူလိုင် ၂၁ ရက် နံနက် ၅ နာရီခွဲမှစတင်ကာ အငြိမ်းစားလစာများအား အဆင်ပြေချောမွေ့စွာ ထုတ်ပေးနေစဉ်။

မြို့နယ် (ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၁- ၇ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၃၀၀ | ၇,၃၀၀ | ၄၁၉ | ၃,၀၅၈,၇၀၀ |
| MTSH | ၂,၆၀၀ | ၂,၆၀၀ | ၁,၄၇၉ | ၃,၈၄၅,၄၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၀ | ၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၀ | ၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၂,၅၀၀ | ၂,၅၀၀ | ၉၀ | ၂၂၅,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၈၀၀ | ၁၀၅ | ၅၁၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၂၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၈၂.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၃.၃၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၀၇၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၅.၀၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၁၃၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၆၉.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၂၅.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၂၂.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၀.၉၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မိမိတို့နိုင်ငံမှ ထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံသည့် ထုတ်ကုန်များကို တင်ပို့ရောင်းချနိုင်မည်ဆိုပါက ပြည်သူများနှင့် နိုင်ငံ၏စီးပွားရေးကို များစွာအထောက်အကူပြုနိုင်မည်

☆ ရှေ့ဖုံးမှ

### နိုင်ငံရေးနှင့်ဆက်စပ်သည့် လုံခြုံရေးအခြေအနေ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာ၍ တာဝန်ယူ ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပြီး နိုင်ငံတော်အာဏာကို သိမ်းယူခဲ့ခြင်း မဟုတ်ကြောင်း၊ မိမိတို့အား ပေးအပ်ထားသည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကိစ္စရပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ဆဲဥပဒေများအပေါ်တွင်မူတည်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စတင်တာဝန်ယူချိန်တွင် ဆူပူမှုများမရှိသေးသော်လည်း ဖေဖော်ဝါရီ ၃ ရက်နောက်ပိုင်းတွင် ဆူပူမှုများစတင်ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း အကြမ်းဖက်မှုများအထိ ဖြစ်ပေါ်လာခဲ့ကြောင်း၊ အဆိုပါအကြမ်းဖက်မှုများကိုလုံခြုံရေး၊ အုပ်ချုပ်ရေးနှင့် စည်းရုံးရေးဆိုင်ရာလမ်းကြောင်းများဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါ နည်းပါးသွားသည်ကို တွေ့ရှိရကြောင်း၊ အကြမ်းဖက်မှုများကို အရေးယူဆောင်ရွက်ခဲ့ရာတွင် ဥပဒေနှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဆူပူအကြမ်းဖက်မှုများကို နှိမ်နင်းရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လက်နက်ကိုင်သောင်းကျန်းမှုများကို တပ်မတော်မှ တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် အချို့သောနေရာဒေသများမှလွဲ၍ တတ်နိုင်သမျှ ရဲတပ်ဖွဲ့ဝင်များဖြင့်သာ ဖြေရှင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံဖြစ်သဖြင့် စစ်အုပ်ချုပ်ရေး သတ်မှတ်မှုများကို တတ်နိုင်သမျှ အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံရေးအရ နောက်ဆက်တွဲပေါ်ပေါက်လာသည့် အကြမ်းဖက် NUG နှင့် CRPH တို့က တည်ထောင်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများသည် အကြမ်းဖက်သတ်ဖြတ်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများကို လုပ်ဆောင်လျက်ရှိပြီး သံဃာတော်များနှင့် သီလရှင်များ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့သတ်ဖြတ်မှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ ၈၇ ရာခိုင်နှုန်းခန့်သည် ဗုဒ္ဓဘာသာကိုးကွယ်ကြသူများ ဖြစ်ကြကြောင်း၊ PDF အမည်ခံအကြမ်းဖက်သမားများ၏ သတ်ဖြတ်မှုကြောင့် ဇူလိုင် ၂၀ ရက်အထိ သံဃာတော် ၅၂ ပါးနှင့် သီလရှင်တစ်ပါးတို့ အကြမ်းဖက် သတ်ဖြတ်ခံခဲ့ရပြီး ထိခိုက်ဒဏ်ရာရရှိသူ ကိုးပါးနှင့် ပျောက်ဆုံးသူ ရှစ်ဦး စုစုပေါင်း ၇၀ ရှိပြီဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း သံဃာတော်များနှင့် သီလရှင်များကို အကြမ်းဖက်မှု သတ်ဖြတ်မှုအများဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ စစ်ကိုင်းတောင်တွင် သံဃာတော်များနှင့် သီလရှင်များ အများဆုံး ဝါဆိုနေကြကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသည် ဗုဒ္ဓဘာသာရေးအကျဆုံးနှင့် အများဆုံးကိုးကွယ်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်သော်လည်း ဗုဒ္ဓဘာသာရဟန်းသံဃာတော်များနှင့်သီလရှင်များ အကြမ်းဖက်သတ်ဖြတ်ခံရမှု အများဆုံးဖြစ်သည်ကို အံ့သြဖွယ်တွေ့မြင်ရကြောင်း၊ မကွေးတိုင်းဒေသကြီးတွင်လည်း အလားတူပင်ဖြစ်ကြောင်း။

ပညာရေးဝန်ထမ်းများသတ်ဖြတ်ခံရမှုနှင့်ပတ်သက်၍ PDF အမည်ခံအကြမ်းဖက် သမားများ၏ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် သေဆုံးသူ ၄၇ ဦးရှိပြီး ဒဏ်ရာရရှိသူ ၂၁ ဦး၊ ပျောက်ဆုံးသူ ၂၅ ဦး စုစုပေါင်း ၉၃ ဦးရှိကြောင်း၊ ထိုသို့ ပညာရေးဝန်ထမ်းများ သတ်ဖြတ်ခံရမှုတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးသည် အများဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း။

> ☆ အကြမ်းဖက်မှုများကို လုံခြုံရေး၊ အုပ်ချုပ်ရေးနှင့် စည်းရုံးရေးဆိုင်ရာ လမ်းကြောင်းများဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါ နည်းပါးသွားသည်ကို တွေ့ရှိရ
>
> ☆ အကြမ်းဖက်မှုများကို အရေးယူဆောင်ရွက်ခဲ့ရာတွင် ဥပဒေနှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဆူပူအကြမ်းဖက်မှုများကို နှိမ်နင်းရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လက်နက်ကိုင်သောင်းကျန်းမှုများကို တပ်မတော်မှ တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်
>
> ☆ ၂၀၂၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် အချို့သောနေရာဒေသများမှလွဲ၍ တတ်နိုင်သမျှ ရဲတပ်ဖွဲ့ဝင်များဖြင့်သာ ဖြေရှင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံဖြစ်သဖြင့် စစ်အုပ်ချုပ်ရေးသတ်မှတ်မှုများကို တတ်နိုင်သမျှ အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ခဲ့

### ပြည်သူများ ပညာရည်မြင့်မားရန် လိုအပ်မှု

ပညာရည်မြင့်မားရေးနှင့် ပတ်သက်၍ ပြီးခဲ့သည့်ဇူလိုင်လမှစတင်၍ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း၊ ကျောင်းများပိတ်ထားမှုကြောင့် နိုင်ငံတော်နှင့် ကျောင်းသား ကျောင်းသူများ၊ မိဘများ ထိခိုက်နစ်နာမှုများဖြစ်ပေါ်လျက်ရှိသဖြင့် ၂၀၂၂ ခုနှစ်မှ စတင်၍ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားခဲ့ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲကိုလည်း ကျင်းပပေးနိုင်ခဲ့ကာ တက္ကသိုလ်ဝင် စာမေးပွဲအောင်စာရင်းများကိုလည်း ထုတ်ပြန်ပေးနိုင်ခဲ့ကြောင်း၊ ယခုပညာသင်နှစ်တွင်လည်း အခြေခံပညာကျောင်းများတွင် ပညာသင်ကြားသည့် ကျောင်းသားကျောင်းသူများမှာ ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီ ကျောင်းအပ်နှံခဲ့သည့် ကျောင်းသား ကျောင်းသူများ အရေအတွက်၏ ၇၆ ရာခိုင်နှုန်းခန့် ကျောင်းအပ်နှံကြသည်ကို တွေ့ရကြောင်း၊ အဆိုပါ ကျောင်းနေအရွယ်များတွင်လည်း မူလတန်းအရွယ်တွင် များပြားသော်လည်း အလယ်တန်းနှင့် အထက်တန်းသို့ ရောက်ရှိချိန်တွင် နည်းပါးသွားသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံပြည်သူများ ပညာရည်မြင့်မားရေးနှင့် ပတ်သက်ပြီး အားလုံးက တွန်းတွန်းတိုက်တိုက်ဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း။

အချို့ ကျောင်းနေအရွယ်ကလေးများအနေဖြင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုမရှိခြင်း၊ လုံခြုံရေးအရ တည်ငြိမ်မှုမရှိခြင်းတို့ကြောင့် ကျောင်းအပ်နှံခြင်းမရှိသကဲ့သို့ နိုင်ငံရေးအရ အစိုးရအခြေခံပညာ ကျောင်းများတွင် အချို့ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံ သင်ကြားမှုများမပြုသည်ကိုလည်း တွေ့ရှိရကြောင်း၊ တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးမှုကြောင့် CDM ပြုလုပ်ထားသည့် ပညာရေးဝန်ထမ်းများက ဖွင့်လှစ်ထားသည့် Kaung For You အထက်တန်းကျောင်းကို စတင်ဆောင်ရွက်ခဲ့သည့် မြစ်သားမြို့နယ်လက်ထောက်ပညာရေးမှူး (CDM) ကောင်းသိုက်စိုးနှင့် အပေါင်းအပါ သုံးဦးကို ဇူလိုင် ၁၃ ရက်တွင် အောင်ပန်းမြို့၌ အခကြေးငွေယူ၍ ပျော်ပါး၍ရသည့် အမျိုးသမီးများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်း၏ထွက်ဆိုချက်အရ ဆက်စပ်လျက် ရှိသူများကိုလည်း ဖော်ထုတ်ရရှိခဲ့ပြီး အချို့ကို ဖမ်းဆီးထိန်းသိမ်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကျောင်းများတွင် အပ်နှံထားသည့် ကျောင်းသား ကျောင်းသူများစာရင်းကိုလည်း ရရှိခဲ့ကြောင်း၊ သို့သော် ကျောင်းနေအရွယ်ကလေးများသည် နိုင်ငံရေးနားလည်မှုမရှိကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူများနှင့် မိဘများကို မိမိတို့အနေဖြင့် အရေးယူရန်မရှိကြောင်း၊ သို့သော် အခြားပါဝင် ပတ်သက်နေသူများကို ဆက်လက်ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဖွင့်လှစ်ရန် ကျန်ရှိနေသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပညာသင်ကြားရေးသည် နိုင်ငံအတွက် လူသားအရင်းအမြစ်များ မွေးထုတ်ပေးခြင်းဖြစ်ကြောင်း၊ မည်သည့်စာသင်ကျောင်းတွင် သင်ကြားသည်ဖြစ်စေ ကျောင်းသားကျောင်းသူများအနေဖြင့် ပညာပြီးဆုံးချိန်တွင် ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်သည့်ပညာများ ရရှိသွားရန်လိုကြောင်း၊ ထို့ကြောင့် ကျောင်းသားမိဘများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ကျောင်းနေအရွယ်ကလေးများဖြစ်သည့် ၅ နှစ်မှ ၁၈ နှစ်အကြား ကျောင်းသား ကျောင်းသူ ၅၈၂၀၀၀၀ ကျော်အား ထိုးနှံပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူ စုစုပေါင်း ၃၅၈၃၀၀၀၀ ကျော် ရှိပြီဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုနှင့် အုပ်ချုပ်မှုလမ်းကြောင်း အဆင်ပြေသည့် နေရာများတွင် ၉၉ ရာခိုင်နှုန်းခန့် ထိုးနှံပေးနိုင်ပြီးဖြစ်ကြောင်း၊ ထိုးနှံရန်ကျန်ရှိသည့် နေရာဒေသများတွင်လည်း ဆက်လက်ထိုးနှံနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ များစွာကျဆင်းသွားပြီဖြစ်ကြောင်း၊ ပြည်တွင်းကူးစက်မှုနည်းပါးပြီး ပြည်ပမှ ဝင်ရောက်လာသူများမှ ကူးစက်လျက်ရှိသည်ကိုသာ တွေ့ရှိရကြောင်း။

### စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်လိုအပ်မှု

မိမိတို့အနေဖြင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံမူဝါဒများချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမဦးစားပေးအနေဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ ဒုတိယဦးစားပေးအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တတိယဦးစားပေးအနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေးတို့ပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ရှေးယခင်ကတည်းက စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကထားသည့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်သည့် နိုင်ငံတစ်ခုပင်ဖြစ်ကြောင်း၊ ယခင်က စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချမှုများရှိခဲ့ကြောင်း၊ ဆိုရှယ်လစ်ခေတ်တွင် စီးပွားရေးစနစ်ပြောင်းလဲခဲ့ပြီး အချို့ကိစ္စရပ်များတွင် စီးပွားရေးအရ အောင်မြင်မှုများ မရှိခဲ့ခြင်းကြောင့် ကုန်ပစ္စည်း ထုတ်လုပ်တင်ပို့သည့်နိုင်ငံမှ ကုန်ပစ္စည်း တင်သွင်းရသည့်နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်ကို တွေ့ရကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင် လူဦးရေများပြားသည့် နိုင်ငံကြီးများရှိကြောင်း၊ အဆိုပါ နိုင်ငံများသို့ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံသည့် ထုတ်ကုန်များကို တင်ပို့ရောင်းချနိုင်မည်ဆိုပါက ပြည်သူများနှင့် နိုင်ငံ၏စီးပွားရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်နေရခြင်းသည် မိမိတို့နိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေ ပြည်သူများဖြစ်ပြီး ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းပင်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ ပညာတတ်မြောက်မှု အခြေအနေသည် မြို့ပြနေပြည်သူများထက် ပညာတတ်မြောက်မှု လူဦးရေနည်းပါးသည်ကို တွေ့ရှိရကြောင်း၊ လူသားအရင်းအမြစ်များ များပြားသော်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍ Skill Labour များ နည်းပါးသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် လက်တွေ့ကျသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် အထက်တန်းပညာ သင်ကြားရေးနှင့် ကုန်ထုတ်လုပ်ငန်းကို ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် မြစ်ချောင်းများပေါများပြီး ရေချိုအရင်းအမြစ်များ များစွာရှိပြီး ရေချိုကိုအသုံးချ၍ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေသည့် နေရာများရှိသကဲ့သို့ စိုက်ပျိုးမြေဧရိယာသည်လည်း လုံလောက်စွာရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးဧကပေါင်း ၃၃ သန်းခန့်ရှိပြီး စပါး၊ ပဲ၊ ပြောင်း၊ နှမ်းနှင့် ဝါများကို အဓိကစိုက်ပျိုးလျက်ရှိကြောင်း၊ အခြားနှစ်ရှည် သီးနှံများဖြစ်သည့် ရော်ဘာ၊ ဆီအုန်းနှင့် အုန်းစိုက်ပျိုးမှုစသည့် နှစ်ရှည်သီးနှံပင်များကိုလည်း စိုက်ပျိုးကြကြောင်း၊ စပါး၊ ပဲ၊ ပြောင်း၊ နှမ်းနှင့် ဝါများကို စိုက်ပျိုးရာတွင် အချို့ဒေသများ၌ တစ်သီးသာစိုက်ပျိုးသည်ကို တွေ့ရှိရကြောင်း၊ သီးထပ်များစိုက်ပျိုးခြင်းနှင့် အထွက်နှုန်းများတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေများ ပိုမိုရရှိလာပြီး စိုက်ပျိုးတောင်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း၊

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

ထို့ကြောင့် တောင်သူလယ်သမားများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

ပြီးခဲ့သည့်ကာလအတွင်း ပြည်ပမှ ဆီတင်သွင်းမှုများ များပြားခဲ့သဖြင့် ဆီထွက်သီးနှံများကို ထိန်းသိမ်းခြင်းနှင့် ပြည်ပတင်ပို့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ တောင်သူများအနေဖြင့် လွတ်လပ်စွာ စိုက်ပျိုးပိုင်ခွင့်ရှိသကဲ့သို့ လွတ်လပ်စွာရောင်းချခွင့်ရှိကြောင်း၊ ထို့ကြောင့် တောင်သူများ၏သီးနှံများကို ပြည်တွင်းပြည်ပ လွတ်လပ်စွာ ရောင်းချနိုင်ရေး ခွင့်ပြုပေးရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းကဲ့သို့သော အသင်းများမှတစ်ဆင့် နိုင်ငံတော်၏အကျိုးစီးပွားအတွက် ထိန်းသိမ်းရောင်းချသွားမည်ဆိုပါက တောင်သူများ လွတ်လပ်စွာ ရောင်းချနိုင်သကဲ့သို့ နိုင်ငံတော်၏ဝင်ငွေကိုလည်းတိုးတက်စေမည်ဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ပညာရေးမြှင့်တင်မှုမှတစ်ဆင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကောင်းမွန်စေရန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ပြောကြားရာတွင် **“အလားတူပဲ ပညာရေးမြှင့်တင်မှုနဲ့ ပတ်သက်ရင်လည်း စောစောက ကျွန်တော်ပြောတဲ့ ပညာရေးမှာ အများစုက မူလတန်းပညာနဲ့ အလယ်တန်းပညာအဆင့်ပဲ ဖြစ်ပါတယ်။ လူနည်းစုပဲ အထက်တန်းပညာနဲ့ အဆင့်မြင့် ပညာတတ်တဲ့သူများ ဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒီအလယ်တန်းပညာနဲ့ အောက်မှာ တက်နေတဲ့ ပြည်သူအများစု ရှိနေတဲ့ ကျေးလက်ဒေသတွေရဲ့ ပညာရေး၊ ပြည်နယ်များရဲ့ ပညာရေးမြှင့်တင်ဖို့အတွက် အထူးဦးစားပေးဆောင်ရွက်သွားဖို့ လိုတယ်ဆိုတာလေးလည်း ကျွန်တော်တွေ့ရှိပါတယ်။ နိုင်ငံမှာတော့ အခြေခံဥပဒေအရ အခြေခံပညာမူလတန်းအဆင့်ကိုတော့ မသင်မနေရ ပညာရေးလို့ သတ်မှတ်ထားတာ။ ဥပဒေအရသတ်မှတ်ထားတာရှိပါတယ်။ သို့သော် လက်ရှိအခြေအနေမှာ မူလတန်းပညာသည် မလုံလောက်ပါဘူး။ ဒီလောက် ခေတ်မီတဲ့ ကမ္ဘာကြီးမှာ လိုက်မီဖို့ဆိုတာတော့ မူလတန်းပညာနဲ့ ဘယ်လိုမှ မပြည့်စုံဘူး။ ဒါကြောင့် ကျွန်တော်တို့အစိုးရ တာဝန်ယူတဲ့အချိန်မှာ kg+9 ၉ တန်း၊ အလယ်တန်းပညာ ပြီးတဲ့အထိကို ကျွန်တော်တို့ အခမဲ့ပညာရေးအနေနဲ့ မသင်မနေရ တွန်းအားပေးဆောင်ရွက်ဖို့ ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါတယ်။**

**ဒါကြောင့် ဒီလိုသာ ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် စောစောကပြောတဲ့ ကျေးလက်တွေမှာ Skill Labour ဖြစ်နိုင်တဲ့ သူတွေ။ အထိုက်အလျောက် ပညာတတ်တွေ ဖြစ်လာပြီးတော့မှ သူတို့ကို လေ့ကျင့်မွေးထုတ်ပေးလိုက်မယ် ဆိုလို့ရှိရင် သူတို့လုပ်တဲ့စီးပွားရေးကို အထောက်အကူပြုတဲ့ အတတ်ပညာတွေ တတ်လာမှာ ဖြစ်ပါတယ်။ ဒါကို မြော်တွေးပြီးတော့မှ အခု ခရိုင်ပေါင်း ၁၂၇ ခရိုင်ရှိပါတယ်။ ၁၂၇ ခရိုင်မှာ First Wave အနေနဲ့ ကျွန်တော်တို့ ကျောင်းပေါင်း ၅၀ လောက် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုတွဲဖွင့်ထားတဲ့ အထက်တန်းကျောင်းတွေ ဖွင့်ဖို့၊ သက်ဆိုင်ရာဝန်ကြီးတွေနဲ့ ကျွန်တော် ဆွေးနွေးထားပြီးဖြစ်ပါတယ်။ ကျောင်းပေါင်း ၅၀ လောက်စဖွင့်မယ်။ အဲ့ဒီတော့ ဒီဆရာတွေ ရဖို့အတွက်ကိုလည်း မွေးမြူရေးကျောင်းဆင်းတွေ၊ စိုက်ပျိုးရေးကျောင်းဆင်းတွေ ဒီလိုလည်း ခန့်ဖို့လိုသလိုပဲ။ လက်ရှိတာဝန်ပေးထားတဲ့ စိုက်ပျိုးရေးဦးစီး၊ မွေးမြူရေးဦးစီး၊ အဲ့ဒီမှာ တာဝန်ပေးထားတဲ့သူတွေကိုလည်း အကူဆရာများအနေနဲ့ အဲ့ဒီကျောင်းတွေမှာ သင်ကြားပေးဖို့အတွက် ကျွန်တော်တို့ ဆောင်ရွက်နေတာ ရှိပါတယ်။ အဲ့ဒါကို ဆောင်ရွက်သွားမယ် ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာတော့ ကျေးလက်မှာ လုပ်ငန်းလုပ်နေတဲ့သူများအတွက် Skill Labour တွေ အများကြီး မွေးထုတ်ပေးနိုင်မယ်လို့ ကျွန်တော် မျှော်မှန်းပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းကို မဖြစ်မနေသွားရမယ်ဆိုတာလေးလည်း ကျွန်တော်သွားလိုပါတယ်။**

**“တစ်ဆက်တည်းမှာပဲ ဒါတင်လုံလောက်ပြီလားဆိုတော့ မလုံလောက်သေးပါဘူး။ ပုဂ္ဂလိက ကဏ္ဍက ဒါတွေက လုပ်ရမယ့်ကဏ္ဍဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရကတော့ လူသားအရင်းအမြစ်တွေ ရရှိအောင် ဆောင်ရွက်ပေးဖို့သာဖြစ်ပါတယ်။ ကျန်တာတော့ ပုဂ္ဂလိကက လုပ်ရမယ်။ တစ်ဖက်ကလည်း အစိုးရကနေပြီးတော့ သွင်းအားစုတွေရအောင်လည်း ဖန်တီးပေးရတာတွေရှိတယ်။ ဥပမာ - ရေရအောင် ဖန်တီးပေးရတာတို့၊ မြေဩဇာရအောင်ဖန်တီးပေးတာတို့၊ မျိုးစေ့တွေရအောင် ဖန်တီးပေးရတာတို့ ဒါကတော့ စိုက်ပျိုးရေးပိုင်းပေါ့။ မွေးမြူရေးပိုင်းဆိုလည်း တိရစ္ဆာန် အစားအစာတွေရဖို့အတွက်၊ ဆေးဝါးတွေရဖို့တို့၊ နောက်တစ်ခါ ခုနက ပြောတဲ့ ရေရရှိဖို့တို့၊ နောက်တစ်ခါ မျိုးကောင်းမျိုးသန့်တွေ ရရှိဖို့တို့ ဒါတွေလည်း ကျွန်တော်တို့က အစိုးရကနေပြီးတော့မှ ဝိုင်းပြီးကူညီပေးရမှာဖြစ်ပါတယ်။ ဒါ ပုဂ္ဂလိက ကဏ္ဍ လုပ်ပေးမှုလည်း အစိုးရရဲ့ ပါဝင်ပတ်သက်မှုကတော့ ကျွန်တော်တို့ အချိန်ကာလ အတိုင်းအတာ တစ်ခုထိတော့ ရှိနေဦးမှာဖြစ်ပါတယ်။ လုပ်နေရမှာဖြစ်ပါတယ်။ ဒါကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကို ကျွန်တော်တို့အနေနဲ့၊ ကျွန်တော်တို့ ကောင်စီအနေနဲ့ ဦးစားပေးဆောင်ရွက်သွားမယ်ဆိုတာလေးလည်း ကျွန်တော် ပြောလိုပါတယ်”** ဟု ပြောကြားသည်။

**အခု ခရိုင်ပေါင်း ၁၂၇ ခရိုင်ရှိပါတယ်။ ၁၂၇ ခရိုင်မှာ First Wave အနေနဲ့ ကျွန်တော်တို့ ကျောင်းပေါင်း ၅၀ လောက် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုတွဲဖွင့်ထားတဲ့ အထက်တန်းကျောင်းတွေ ဖွင့်ဖို့ သက်ဆိုင်ရာဝန်ကြီးတွေနဲ့ ကျွန်တော် ဆွေးနွေးထားပြီးဖြစ်ပါတယ်။ ကျောင်းပေါင်း ၅၀ လောက် စဖွင့်မယ်။ အဲ့ဒီတော့ ဒီဆရာတွေ ရဖို့အတွက်ကိုလည်း မွေးမြူရေးကျောင်းဆင်းတွေ၊ စိုက်ပျိုးရေး ကျောင်းဆင်းတွေ ဒီလိုလည်းခန့်ဖို့ လိုသလိုပဲ။ လက်ရှိတာဝန်ပေးထားတဲ့ စိုက်ပျိုးရေးဦးစီး၊ မွေးမြူရေး ဦးစီး၊ အဲ့ဒီမှာ တာဝန်ပေးထားတဲ့သူများကိုလည်း အကူဆရာများအနေနဲ့ အဲ့ဒီကျောင်းတွေမှာ သင်ကြားပေး ဖို့အတွက် ကျွန်တော်တို့ ဆောင်ရွက်နေတာ ရှိပါတယ်။ အဲ့ဒါကို ဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံမှာတော့ ကျေးလက်မှာ လုပ်ငန်းလုပ်နေတဲ့သူများအတွက် Skill Labour တွေ အများကြီး မွေးထုတ်ပေးနိုင်မယ်လို့ ကျွန်တော်မျှော်မှန်းပါတယ်**

## ဝါစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်မှု

ဆက်လက်၍ မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးဧက ၂သိန်း ၄ သောင်းကျော်ရှိကြောင်း၊ ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ ချည်မျှင်ရှည်ဝါမှ အဆင့်မြင့် ချည်ထည်များ ထုတ်လုပ်နိုင်ကြောင်း၊ ယခုစိုက်ပျိုးနေသည့်ဝါများသည် ချည်မျှင်ရှည်ဝါဟုဆိုသော်လည်း အဆင့်မြင့် ချည်ထည်များကို ထုတ်လုပ်နိုင်မှုမရှိကြောင်း၊ ထို့ကြောင့် အဆင့်မီသည့် ချည်မျှင်ရှည်ဝါများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ပြည်ပနိုင်ငံများနှင့် နည်းပညာအရ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်း ဝါစိုက်ပျိုးမှုလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်သူများ၏ဝတ်ရေးအတွက် ပိုမိုအဆင်ပြေမည်ဖြစ်သကဲ့သို့ ပြည်တွင်းမှထွက်ရှိသည့် ဝါထွက်ကုန်များကိုအသုံးပြု၍ အဆင့်မီ အထည်ချုပ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် နိုင်ငံ၏ စီးပွားရေးကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

## ကျေးလက်နေပြည်သူများ၏ လူနေမှု စနစ်များမြှင့်တင်ပေးရန်လိုအပ်

မိမိတို့နိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျေးလက်နေပြည်သူများ၏ လူနေမှုစနစ်များမှာ အခြားနိုင်ငံများထက် နိမ့်ကျလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတွင် အားနည်းချက်များရှိခြင်းကြောင့်သာ လူနေမှုစနစ်များနိမ့်ကျနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်၍ အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ကျေးလက်နေ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားများ ပြောင်းလဲတိုးတက်လာမည်ဖြစ်ကြောင်း၊ ထိုသို့လူမှုစီးပွားများ တိုးတက်ပြောင်းလဲလာချိန်တွင် နေထိုင်သည့်အိမ်ရာများ အဆင့်မြင့်တင် တည်ဆောက်ရန် ဆောက်လုပ်ရေးလုပ်ငန်းများတွင်လိုအပ်သည့် ဘိလပ်မြေများကို ပြည်တွင်း၌လုံလောက်စွာ ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ နိုင်ငံအတွင်း၌ ဘိလပ်မြေ ထုတ်လုပ်နိုင်သည့် အခြေခံ ကုန်ကြမ်းများ လုံလောက်စွာရှိပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းရှိစက်ရုံများ အပြည့်အဝလည်ပတ်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိများ ထုတ်လုပ်ရာတွင်လည်း အဆောက်အအုံများ ဆောက်လုပ်နိုင်သည့် သံမဏိထုတ်လုပ်ရေးလုပ်ငန်းများကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်ရေး ပြည်တွင်းလုပ်ငန်းရှင်များနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ ဆောင်ရွက်မည်ဆိုပါက အစိုးရအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ အဆိုပါဆောက်လုပ်ရေးလုပ်ငန်းသုံး ဘိလပ်မြေနှင့် သံ၊ သံမဏိတို့သည် နိုင်ငံ၏လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် မဖြစ်မနေလိုအပ်သဖြင့် အားပေးဆောင်ရွက်သွားမည်ဆိုပါက များစွာပြောင်းလဲတိုးတက်သွားမည်ဖြစ်ကြောင်း။

လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးသည်လည်း အရေးကြီးကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်ယူရာတွင် ရေအား၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်၍ရကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးတွင် လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံသည်လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ၌ ကာဗွန်ဒိုင်အောက်ဆိုက်အနည်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ကာဗွန်ဒိုင်အောက်ဆိုက်လျှော့ချရေးကို အထောက်အကူပြုသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးချမည်ဆိုပါက အကျိုးရှိမည်ဖြစ်ကြောင်း၊ မြစ်ကြီးများပေါ်၌ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ မေခ၊ မလိခ၊ ဧရာဝတီ၊ ရွှေလီ၊ ချင်းတွင်း၊ တာပိန်၊ သံလွင်စသည့် မြစ်ကြီးများပေါ်၌ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့်နေရာများ များစွာရှိကြောင်း၊ ထို့ကြောင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း စီမံကိန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း။

အလားတူ မိမိတို့နိုင်ငံအလယ်ပိုင်းရှိ နေရာဒေသအများစု၏ မိုးရွာရက်မှာ ပျမ်းမျှအားဖြင့် ရက် ၁၀၀ ခန့်သာရှိကြောင်း၊ ထို့ကြောင့် အဆိုပါဒေသများတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် နွေရာသီတွင် လျှပ်စစ်ဓာတ်အားကို ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ကမ်းရိုးတန်းဒေသများ၌လည်း လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများကို နိုင်ငံတော်အဆင့် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့်လည်း အသေးစားနှင့် အလတ်စားထုတ်လုပ်မှုများကို ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်မှ အားပေးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

## ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်နေမှု

ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကို ဧပြီလ ၂၂ ရက်နေ့က စတင်ပြုလုပ်ခဲ့ကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် သုံးဖွဲ့တို့က တွေ့ဆုံရန် အကြောင်းပြန်ကြားခဲ့ပြီး ကိုးဖွဲ့နှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် တစ်ဖွဲ့နှင့်လည်း မကြာမီအချိန်အတွင်း တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများတွင် ပြည်သူလူထုဆန္ဒနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့ရာ ၎င်းတို့ထံမှ သဘောတူညီမှုများရရှိခဲ့ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသနှင့်တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်သင့်သည်နှင့်ဖြစ်ချင်သည်များကို ညှိနှိုင်းဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် တွေ့ဆုံဆွေးနွေးလိုသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးလိုပါက ထပ်မံဖိတ်ခေါ်ပါကြောင်း၊ ကျန်ရှိသည့် လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများသို့ ပါဝင်လာမည်ဆိုပါက မိမိတို့နိုင်ငံ၏ အနာဂတ်နိုင်ငံရေးသည် ပြည့်စုံကောင်းမွန်လာမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရုရှားနိုင်ငံသို့ အလုပ်သဘောအလည်အပတ်ခရီးသွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ

စာမျက်နှာ ၅ သို့ ✶

✶ စာမျက်နှာ ၄ မှ

ကာလုဂါပြည်နယ် အတနာမီ ကမ္ဘာ့ယဉ်ကျေးမှု မြို့တော်အတွင်းရှိ ရွှေစည်းခုံစေတီတော်ကြီး ရတနာ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူ ပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနား ပြုလုပ်ခြင်း၊ စစ်ဘက်၊ အရပ်ဘက်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက် လေ့လာခဲ့ကြပြီး နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ စစ်ဘက်နည်းပညာဆိုင်ရာကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ သုတေသနလုပ်ငန်းကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကာလတို အလုပ်သဘော ခရီးစဉ်တစ်ခုဖြစ်ခဲ့သော်လည်း နိုင်ငံ့အတွက် အကျိုးရှိသည့် ဆွေးနွေးမှုများစွာကို ဆောင်ရွက်နိုင်ခဲ့သည့် အောင်မြင်သည့် ခရီးစဉ်တစ်ခုဖြစ်ခဲ့သည်ကို အသိပေးလိုကြောင်း ပြောကြားသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင်များက မြန်မာ - ရုရှား ချစ်ကြည်ရေးအသင်းအဖွဲ့များ ဖွဲ့စည်းရေး၊ နှစ်နိုင်ငံ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများကို နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်နားလည်သိရှိစေရန် အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်၊ အနာဂတ်နိုင်ငံတော်အတွက် လူငယ်များအားစနစ်တကျ ပြုစုပျိုးထောင်ပေးရေး၊ ပညာရေးမူဝါဒလမ်းကြောင်းကို သွေဖည်၍ဆောင်ရွက်နေသည့် ပုဂ္ဂလိကကျောင်းများကို ဖော်ထုတ် အရေးယူဆောင်ရွက်ရေး၊ မူလတန်းပြ ဆရာ၊ ဆရာမများ ရာထူးတိုးမြှင့်ရန်ကိစ္စကို လျင်မြန်စွာဆောင်ရွက်ပေးပြီး လိုအပ်ချက်ရှိသည့်နေရာ ဖြည့်စွက်ခန့်ထားနိုင်ရေး၊ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေပြီး ရာသီဥတုကို အထောက်အကူပြုစေရေးအတွက် ကျွန်းစိုက်ခင်းများကို စီမံချက်ချမှတ်၍ တိုးချဲ့စိုက်ပျိုးရေး၊ လူငယ်များအကြား မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းစင်ပပျောက်ရေးအတွက် ကြိုတင်ကာကွယ်တားဆီးရေး၊ ကျေးလက်ကျန်းမာရေးဌာနများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက စီမံဆောင်ရွက်ပေးရေး၊ လူငယ်များ လမ်းမှားမရောက်စေရေးအတွက် အခြေခံပညာကျောင်းများတွင် စာရိတ္တပညာပိုင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ သင်ကြားပေးရေး၊ ယာဉ်လိုင်းများ လက်မှတ်ရောင်းချခြင်းနှင့် စစ်ဆေးရေးဂိတ်များတွင် နိုင်ငံသား စိစစ်ရေးကတ်ပြားကို စနစ်တကျ စိစစ်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ချစ်ကြည်ရေးအသင်းများ တိုးချဲ့ဖွဲ့စည်းခြင်းဖြင့် နှစ်နိုင်ငံခရီးသွားလုပ်ငန်းကိုလည်း အထောက်အကူဖြစ်စေမည် ဖြစ်ကြောင်း၊ သိပ္ပံနှင့်နည်းပညာ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ပညာတော်သင်စေလွှတ်ရေးကိစ္စများကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ် ဖွံ့ဖြိုးရေးအထောက်အကူပြု စီမံကိန်းများကို မိမိသဘောဆန္ဒအလျောက် ပါဝင်သည့်စနစ်ဖြင့် ထူထောင် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ပညာရေးမူဝါဒနှင့် မကိုက်ညီသည့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်သည့် ကိစ္စနှင့်ပတ်သက်၍ စိစစ် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဌာနများတွင် ဝန်ထမ်းများ ဖြည့်တင်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး လတ်တလောတွင် အလုပ်သင်ဆရာဝန်များနှင့် သူနာပြုများ ဖြည့်တင်း ပေးထားပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ အသုံးပြုမှုအပေါ်မူတည်၍ သီးနှံအထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ မြေဩဇာနှစ်မျိုးကို အချိုးကျ ပေါင်းစပ်ခြင်းဖြင့် သီးနှံအထွက်တိုးရရှိနိုင်မည်ဖြစ်ပြီး သဘာဝမြေဩဇာကို အဓိကထား အသုံးပြုနိုင်ရေး သုတေသနပြု ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လက်တွေ့ကျသည့် စိုက်ပျိုးရေးစနစ်နှင့် ခေတ်မီမွေးမြူရေးစနစ်ကို ဦးတည် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်-ပြည်၊ ရန်ကုန် - မော်လမြိုင်၊ ရန်ကုန် - မန္တလေးမီးရထားလမ်းများ အဆင့်မြှင့်တင်၍ ခေါက်ရေတိုးမြှင့်ပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ပတ်သက်၍ ကြိုတင်ကန့်သတ်ချက် မထားဘဲ ဆွေးနွေးလျက်ရှိပြီး အချို့အဖွဲ့များနှင့်လည်း ဆွေးနွေးနိုင်ရေးချိတ်ဆက် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသားလူငယ်များ စာရိတ္တမြင့်မားရေးအတွက် ပြည်သူ့နီတိနှင့် (၃၈)ဖြာမင်္ဂလာကို သင်ကြားပေးလျက်ရှိပြီး ဒီမိုကရေစီ အနှစ်သာရကိုလည်း သိရှိအောင် သင်ကြားပေးသွားရမည် ဖြစ်ကြောင်း၊ သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျွန်းစိုက်ခင်းများ တိုးတက်ရေးအတွက် နိုင်ငံတစ်ဝန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များဖြင့် စိုက်ပျိုးသွားရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ် မော်ကွန်းဥပဒေပြဋ္ဌာန်းနိုင်ရေး ပြန်လည် စိစစ်သုံးသပ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံ အမှာစကားပြောကြား

**နေပြည်တော် ဇူလိုင် ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်သည် ဇူလိုင် ၂၀ ရက်နှင့် ၂၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန် ထမ်းဆောင်နေသော တပ်မတော် သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများကို သွားရောက်တွေ့ဆုံသည်။



**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ရှိ အမှတ်(၃) ရဲလေ့ကျင့်ရေးကျောင်း၌ စစ်ကိုင်းတိုင်းဒေသကြီး အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန် ထမ်းဆောင်ရန် ရောက်ရှိနေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိ၊ အခြားအဆင့်၊ ရဲတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်မှုနှင့် ပတ်သက်၍ လိုအပ်သည်များကို တွေ့ဆုံမှာကြားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မုံရွာမြို့ နယ်မြေခံတပ်နယ်ခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ နယ်မြေခံတပ်နယ်ခန်းမတွင် ပခုက္ကူခရိုင်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့်လည်းကောင်း၊ ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် ကန့်ဘလူမြို့ ခရိုင်စုပေါင်းရုံး၌ လည်းကောင်း၊ ရေဦးမြို့ "ရွှေနဒီ"ခန်းမ၌ လည်းကောင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန် ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များကို တွေ့ဆုံပြီး လက်ရှိနိုင်ငံတော်၌ ဖြစ်ပေါ်နေသော အကြမ်းဖက်တိုက်ခိုက်မှုနှင့် နယ်မြေအေးချမ်းတည်ငြိမ်မှု တိုးတက်လာသည့် အခြေအနေများကို ရှင်းလင်းချပြကာ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန် လေးရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ လိုက်နာရမည့် အစဉ်အလာကောင်း(၁၂)ရပ်တွင်ပါရှိသည့် "နိုင်ငံတော်တွင် အရေးကြုံတိုင်း နောင်တော်တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်းလက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်ဖွဲ့ဖြစ်သည်"ဟူသည့် အချက်နှင့်အညီ တပ်မတော်နှင့်အတူ လက်တွဲ၍ လက်ရှိနိုင်ငံတော်၏ အခြေအနေကို တည်ငြိမ်အေးချမ်းရန် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

**မှန်ကန်မျှတမှုရှိသည့် ရွေးကောက်ပွဲ**

မိမိတို့နိုင်ငံသည် ဒီမိုကရေစီစနစ် ကျင့်သုံးနေသည့် နိုင်ငံဖြစ်သည့်အတွက် မဲပေးခွင့်ရှိသူအားလုံး ဆန္ဒမဲပေး၍ မှန်ကန်မျှတမှုရှိသည့် ရွေးကောက်ပွဲ ကျင်းပရမည်ဖြစ်ကြောင်း၊ ယင်းသို့ကျင်းပရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ် အပိုဒ်(၅)တွင် ပါရှိသည့်အတိုင်း အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးပါက ရွေးကောက်ပွဲ ပြန်လည်ကျင်းပပြီး အနိုင်ရရှိသည့်ပါတီအား ဒီမိုကရေစီစံနှုန်းနှင့်အညီ နိုင်ငံတော်အာဏာကို လွှဲပြောင်းရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ရွေးကောက်ပွဲကျင်းပရန် နိုင်ငံတစ်ဝန်း လုံခြုံအေးချမ်း၍ တည်ငြိမ်မှု ရှိရန်လိုအပ်ကြောင်း၊ ယင်းသို့ တည်ငြိမ်အေးချမ်းမှုရှိရန်အတွက် နောင်တော်တပ်မတော်နှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း၊ လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ရန်၊ လုံခြုံရေးသတိရှိစွာဖြင့် မိမိတို့၏ တာဝန်ကို ကျေပွန်စွာဆောင်ရွက်သွားရန်၊ ထိုသို့ ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့် အောင်မြင်မှု အကျိုးအမြတ်များရရှိခဲ့ပြီး ယခင်ထက် နယ်မြေဒေသအတွင်း လုံခြုံ၊ တည်ငြိမ်မှု အခြေအနေ တိုးတက်မှုများရှိလာခဲ့သည့်အတွက် ဆောင်ရွက်ခဲ့မှုများအပေါ် ဂုဏ်ပြုပါကြောင်းနှင့် လုံခြုံရေးတာဝန်များကို ဆတက်ထမ်းပိုး ထမ်းဆောင်သွားကြရန် လိုအပ်ကြောင်း ရှင်းလင်းမှာကြားပြီး တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုထောက်ပံ့ငွေများပေးအပ်သည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၀ ရက်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ လည်းကောင်း၊ ဇူလိုင် ၂၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ ခရိုင်စုပေါင်းရုံး၌လည်းကောင်း၊ ရေဦးမြို့ "ရွှေနဒီ"ခန်းမ၌ လည်းကောင်း ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လက်ရှိနိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှု တိုးတက်လာသည့် အခြေအနေနှင့် အထက်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတစ်ဝန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပြည်သူ့လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ထိရောက်စွာ ဖွဲ့စည်းဆောင်ရွက်သွားကြရန်၊ နိုင်ငံ့ဝန်ထမ်းများဖြစ်၍ မိမိတို့၏ လုပ်ငန်းတာဝန်များကို ကြိုးစား၍ တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားကာ ထောက်ပံ့ငွေများပေးအပ်သည်။

**ထောက်ပံ့ငွေများပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ထမ်းဆောင်ရင်း ကျဆုံးခဲ့သည့် တပ်ဖွဲ့ဝင်မိသားစုများ၊ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံကာ ထောက်ပံ့ငွေများပေးအပ်၍ အားပေးစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း အမှတ်(၃) ရဲလေ့ကျင့်ရေးသင်တန်းကျောင်းသို့ ရောက်ရှိစဉ် ရဲတပ်သားသစ်စားရိပ်သာကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စားရိပ်သာ၌ ရဲတပ်သားသစ်သင်တန်းအမှတ်စဉ် (၃၉/၂၀၂၂)မှ သင်တန်းသားများနှင့်အတူ နေ့လယ်စာစားသုံးသည်။


ဇူလိုင် ၂၀ ရက် ညပိုင်း၌ ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲသို့တက်ရောက်ခဲ့ပြီး လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ စွမ်းစွမ်းတမံ ဆောင်ရွက်သည့် တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်နိုင်ရန်အတွက် အနောက်မြောက်တိုင်း စစ်ဌာနချုပ်သို့ ဂုဏ်ပြုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။


**သတင်းစဉ်**

# မီဒီယာအမည်ခံ လေလှိုင်းပေါ်က လူသတ်သမားများ၏ ဝါဒဖြန့်ချိမှုများနှင့် သတင်းအဆိပ်ခတ်နေမှုများ

မင်းခန့်

၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲက မဖုံးနိုင်မဖိနိုင် မဲလိမ်/မဲခိုးမှုတွေနဲ့ ဥပဒေဖောက်ဖျက်မှုတွေကြောင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခေတ္တအာဏာထိန်းထားရတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနဲ့ အိမ်စောင့်အစိုးရကို ဆန့်ကျင်နေကြတဲ့ ပြည်တွင်း ပြည်ပ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေက မီဒီယာအမည်ခံပြီး ဝါဒဖြန့်ချိနေမှုတွေကို **"သတိပြုရမည့် စိတ်ဓာတ်စစ်ဆင်ရေးစစ်ပွဲနှင့် သတင်းအတု သတင်းအမှားများ၏အန္တရာယ်"**ဆိုတဲ့ ခေါင်းစဉ်နဲ့ ၁၃-၅-၂၀၂၂ ရက်နေ့က နိုင်ငံပိုင်သတင်းစာတွေမှာ ဆောင်းပါးရေးသားဖော်ပြခဲ့ပါတယ်။ ယခုအခါမှာ ထိုဆောင်းပါးကို ရုရှားနိုင်ငံရဲ့ ပညာရပ်ဆိုင်ရာမဂ္ဂဇင်း Internauka နဲ့ ai-news.ru ဆိုတဲ့ သတင်းစာမျက်နှာတွေမှာ ရုရှားဘာသာနဲ့ ထည့်သွင်းဖော်ပြခဲ့တာကို တွေ့ရပါတယ်။




ရုရှားနိုင်ငံရဲ့ ပညာရပ်ဆိုင်ရာမဂ္ဂဇင်းတွေနဲ့ အင်တာနက်သတင်းစာမျက်နှာတွေမှာ ဒီဆောင်းပါးကို ပြန်လည်ဖော်ပြရတဲ့ အကြောင်းအရင်းကတော့ ရုရှား-ယူကရိန်းစစ်ပွဲမှာလည်း အနောက်မီဒီယာများက သတင်းအတု၊ သတင်းအမှားတွေကို အသုံးချပြီး သတင်းမီဒီယာစစ်ပွဲဆင်နွှဲနေကြတဲ့အတွက် မြန်မာနိုင်ငံကသတင်းစာတွေမှာ ဖော်ပြခဲ့တဲ့ ဆောင်းပါးအတိုင်းပဲ တူညီတဲ့နည်းလမ်းတွေနဲ့ လုပ်ဆောင်ခံနေရလို့ဖြစ်ကြောင်း သိရှိရပါတယ်။ ဒါကြောင့်မြန်မာနိုင်ငံလို နိုင်ငံငယ်လေးတွေသာမက ရုရှားလို အင်အားကြီးနိုင်ငံတွေကိုပါ ဒီလိုသတင်းအတု၊ သတင်းအမှားတွေကို အသုံးချပြီး ဝါဒဖြန့်တိုက်ခိုက်ခံနေရတယ်ဆိုတာ ထင်ရှားတဲ့သက်သေသာဓက ဖြစ်ပါတယ်။

**စနစ်တကျအကွက်ချ ဆောင်ရွက်နေ**

၂၁ ရာစုမှာ သတင်းအချက်အလက်နဲ့ နည်းပညာ (Information Technology) အရှိန်အဟုန်နဲ့ တိုးတက်လာတာနဲ့အတူ နည်းပညာနဲ့ ငွေကြေးအားသာချက်ကိုအသုံးချပြီး ဆိုရှယ်မီဒီယာတွေကနေတစ်ဆင့် ဝါဒဖြန့်ချိခြင်းတွေကို စနစ်တကျအကွက်ချ ဆောင်ရွက်နေတာမြင်တွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း နိုင်ငံရေးအပြောင်းအလဲအခြေအနေကို အမြတ်ထုတ်ပြီး ဝါဒဖြန့်ချိမှုတွေကို အရှိန်မြှင့်ဆောင်ရွက်ခဲ့ကြပါတယ်။ ဘယ်လိုအကွက်ချပြီး စနစ်တကျဆောင်ရွက်ခဲ့ကြတယ်ဆိုတာကို ဒီဆောင်းပါးမှာ ကျွန်တော်ထပ်မံရှင်းလင်းတင်ပြပေးသွားမှာဖြစ်ပါတယ်။

**နိုင်ငံရေးအပြောင်းအလဲ စတင်ချိန်မှာ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲရဲ့ မဲလိမ်/မဲခိုးမှုတွေနဲ့ ဥပဒေချိုးဖောက်မှုတွေကြောင့် တပ်မတော်က နိုင်ငံတော်အာဏာကို အခြေခံဥပဒေအရ ဝင်ရောက်ထိန်းသိမ်းရတဲ့ အကြောင်းတရားအမှန်ကို ပုံဖျက်ပြီး စစ်တပ်က မတရားအာဏာသိမ်းတယ်ဆိုတဲ့ အတွေးအခေါ်အယူအဆကို ပြည်သူတွေအကြားမှာ လျင်လျင်မြန်မြန်ပျံ့နှံ့သွားအောင် သတင်းအချက်အလက်ပုံဖျက်ခြင်း (Disinformation)နဲ့ ၎င်းတို့ရဲ့ အယူအဆမှား/သတင်းမှားတွေကို ပျံ့နှံ့စေခြင်း (Misinformation Floating)ဖြစ်အောင် ဆိုရှယ်မီဒီယာတွေနဲ့ ၎င်းတို့ကြိုတင်မွေးမြူ တည်ဆောက်ထားကြတဲ့ ကွန်ရက်တွေကနေတစ်ဆင့် ဆောင်ရွက်ကြပါတယ်။** NLD အစိုးရရဲ့ မဲလိမ်/မဲခိုးမှုတွေကို ဖော်ပြရေးသားကြတဲ့ ပြည်သူတွေရဲ့ အသံတွေ၊ အကောင့်တွေနဲ့ စာမျက်နှာတွေကိုလည်း Facebook Newsfeed Algorithm ရဲ့ အကူအညီ၊ FB Team က မြန်မာစကားတတ်ကျွမ်းသူတွေရဲ့ အကူအညီနဲ့ ကန့်သတ်ခြင်း၊ ဖြုတ်ချခြင်းတွေကို တစ်ပြိုင်နက် ဆောင်ရွက်စေခဲ့ပါတယ်။

တစ်ပြိုင်တည်းမှာပဲ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သွားလာမှုကန့်သတ်ထိန်းချုပ်ထားရတဲ့ အခြေအနေကြောင့် စိတ်မွန်းကျပ်နေတဲ့ ပြည်သူလူထုကို ထွက်ပေါက်အနေနဲ့ ပုံစံအမျိုးမျိုးနဲ့လမ်းပေါ်ထွက်လာအောင် ဆွဲထုတ်ခဲ့ကြပါတယ်။ ဒါကလည်း တိုက်ဆိုင်မှုမဟုတ်ဘဲ အမေရိကန်နိုင်ငံသား ဂျင်းရှပ် (Gene Sharp) ရေးသားထားတဲ့ From Dictatorship to Democracy ဆိုတဲ့ စာအုပ်ထဲက နည်းနာတွေအတိုင်း အစီအစဉ်တကျ ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာ ပြည်သူလူထုကြီး မြင်တွေ့လိုက်ရတဲ့ ဖက်ရှင်ဒီဇိုင်းမျိုးစုံ၊ လူစိတ်ဝင်စားမယ့် အဖော်အချွတ်ပုံစံမျိုးစုံနဲ့ လမ်းပေါ်ထွက်လာကြတာတွေ၊ သံပုံးတီးကြတာတွေက ဂျင်းရှပ်ရဲ့ နည်းနာတွေပဲ ဖြစ်ပါတယ်။ ဒီလိုနည်းနာတွေနဲ့ လူထုရဲ့ Social Psychology ကို အချိန်ကိုက်အသုံးချခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ ဒီလိုလှုံ့ဆော်ချိတ်ဆက်မှုတွေအားလုံးရဲ့ အဓိကလမ်းကြောင်းက ဆိုရှယ်မီဒီယာတွေပဲ ဖြစ်ပါတယ်။

**GenZ လေးတွေရဲ့ လူငယ်သဘာဝ တက်ကြွတဲ့စိတ်အခံကို အသုံးချခဲ့ကြ**

တကယ်တော့ ဂျန်ဇီး(GenZ)လို့ အမည်လှလှလေးတပ်ပေးလိုက်တဲ့ လူငယ်ထုဟာ ၂၀၁၀ ပြည့်နှစ်ကစလို့ မြန်မာနိုင်ငံရဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီအသွင်းကူးပြောင်းမှုနောက်ပိုင်းမှာ အရွယ်ရောက်ခဲ့သူတွေဖြစ်ပြီး အိုင်တီနည်းပညာတွေနဲ့ နီးစပ်တဲ့ မျိုးဆက်တစ်ခုဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံရဲ့ ပွင့်လင်းလွတ်လပ်လာတဲ့ သတင်းမီဒီယာနဲ့ နိုင်ငံရေးအခြေအနေကို အမြတ်ထုတ်ပြီး ၎င်းတို့အလိုကျ အတွေးအခေါ်တွေ၊ ယဉ်ကျေးမှုတွေနဲ့ နီးစပ်ပေးခြင်းခံခဲ့ရတဲ့ မျိုးဆက်လို့လည်း ဆိုနိုင်ပါတယ်။ GenZ လေးတွေရဲ့ လူငယ်သဘာဝ တက်ကြွတဲ့စိတ်အခံကို အသုံးချခဲ့ကြပါတယ်။

ပုံစံမျိုးစုံဆန္ဒပြမှုတွေနဲ့အတူ ပေါ်ထွက်လာတာက အစိုးရယန္တရား မလည်ပတ်နိုင်အောင်နဲ့ ပျက်စီးသွားအောင် အစိုးရဝန်ထမ်းတွေ ရုံးမတက်ကြဖို့ CDM လှုံ့ဆော်မှုတွေဖြစ်ပါတယ်။ **တကယ်တော့ ဝါဒဖြန့်ချိသူတွေဟာ CDM လုပ်လာမယ့် ဝန်ထမ်းတွေကို တာဝန်ယူပေးနိုင်မှာမဟုတ်ပေမယ့်လည်း အများကြိုက် ငွေကြေးမက်လုံးနဲ့ ဆွဲဆောင်မှုတွေ၊ ရာထူး/နေရာနဲ့ ဆွဲဆောင်မှုတွေနဲ့ လူကြိုက်များအောင် ဆောင်ရွက်ခဲ့ကြပါတယ်။ ဆိုရှယ်မီဒီယာပေါ်မှာ CDM မအောင်မြင်နိုင်ကြောင်း သုံးသပ်ရေးသားပြခဲ့သူတွေရှိပေမယ့် သူတို့ရဲ့စကားသံက ကန့်သတ်ထားခြင်းခံရတာကြောင့် ထင်တိုင်းမပေါက်ခဲ့ကြပါဘူး။ ယခုလက်တွေ့မှာတော့ CDM ဆိုတဲ့ အသံတွေတိုးတိတ်သွားပြီး NUG အကြမ်းဖက်အဖွဲ့နဲ့ လေလှိုင်းပေါ်က လူသတ်သမားတွေဟာ CDM သမားတွေကို ပစ်ပယ်လိုက်ကြပါပြီ။ သူတို့ရဲ့ ဝါဒဖြန့်လှုံ့ဆော်မှုတွေကို ယုံကြည်မိခဲ့တဲ့ ဝန်ထမ်းတချို့နယ်စပ်မှာ ဘဝပျက်စီးနေကြပြီး မိသားစုဘဝတွေလည်း ကြေမွသွားခဲ့ကြပါတယ်။ နစကအစိုးရကတော့ ကိုယ်ချင်းစာစိတ်အပြည့်နဲ့ ပြန်လည်ခေါ်ယူမှုတွေ ဆောင်ရွက်နေတာတွေ့ရလို့ ဝမ်းသာမိပါတယ်။**

**စနစ်တကျ လမ်းကြောင်းပြောင်းလဲပေးခဲ့ကြ**

CDM လှုံ့ဆော်မှုတွေ မအောင်မြင်နိုင်မှန်းသိလိုက်တဲ့အချိန်မှာတော့ အနောက်အုပ်စုနဲ့ ပြည်ဖျက်မီဒီယာတွေအနေနဲ့ ငြိမ်းချမ်းစွာဆန္ဒပြနေတဲ့ ပြည်သူကို ဆိုရှယ်မီဒီယာတွေကနေ လှုံ့ဆော်ပြီး အကြမ်းဖက်ဆောင်ရွက်မှုတွေဆီ စနစ်တကျ လမ်းကြောင်းပြောင်းလဲပေးခဲ့ကြတာ ဖြစ်ပါတယ်။ အချိန်ကိုက်ပဲ အမေရိကန်နိုင်ငံသားတစ်ဦးက မြန်မာလူငယ်တွေကို အွန်လိုင်းကနေ အကြမ်းဖက်သင်တန်းတွေပေးခဲ့ပြီး အကြမ်းဖက် NUG အဖွဲ့က ဆာဆာတက်ရောက်ခဲ့တဲ့ အထောက်အထားကို စင်ကာပူအခြေစိုက်မီဒီယာတစ်ခုက ဖော်ထုတ်ခဲ့ပါသေးတယ်။ သူတို့အသုံးချခဲ့ကြတာက ပညာအခြေခံနည်းပါးသူတွေ၊ NLD ကို ထောက်ခံတဲ့ နိုင်ငံရေးအစွန်းရောက်သူတွေနဲ့ ဖျက်လိုဖျက်ဆီးစိတ်ဓာတ်အခံရှိသူတွေကို ရှေ့တန်းတင်စည်းရုံးပြီး နိုင်ငံနဲ့အဝှမ်း အကြမ်းဖက်လုပ်ရပ်တွေ ဆောင်ရွက်ဖို့ လှုံ့ဆော်ဝါဒဖြန့်ချိခဲ့ကြပါတယ်။ ဒါကြောင့်လည်း အပြစ်မဲ့ဝန်ထမ်းတွေနဲ့ ပြည်သူလူထုကို ဒလန်လို့ စွပ်စွဲပြီး အကြောင်းမဲ့အကြမ်းဖက် သတ်ဖြတ်မှုတွေ ဖြစ်ပွားလာခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ အကြမ်းဖက်မှုတွေရဲ့ တရားခံအစစ်က ပြည်တွင်း ပြည်ပ မီဒီယာအမည်ခံ လေလှိုင်းပေါ်က လူသတ်သမားတွေ ဖြစ်ပါတယ်။

နောက်ထပ် သိသာထင်ရှားတာတစ်ခုက အစိုးရအနေနဲ့ မြန်မာနိုင်ငံရဲ့ အနာဂတ်လူငယ်တွေ ပညာရေးအတွက် စာသင်ကျောင်းတွေ၊ တက္ကသိုလ်တွေ ပြန်လည်ဖွင့်လှစ်ပေးတဲ့အချိန်မှာ ကလေးတွေ ကျောင်းမတက်ကြအောင်၊ ကျောင်းမတက်ရဲကြအောင် အမျိုးမျိုးလှုံ့ဆော်ဝါဒဖြန့်ခဲ့ကြပါတယ်။ မြေပြင်မှာလည်း စာသင်ကျောင်းတွေကို ဗုံးခွဲတာ၊ မီးရှို့တာတွေကို တစ်ပြိုင်နက်ကျူးလွန်ခဲ့ကြပါတယ်။ သို့ပေမယ့်လည်း အစိုးရရဲ့ စေတနာအမှန်နဲ့ မြန်မာနိုင်ငံအနာဂတ်လူငယ်တွေရဲ့ ပညာရေးကို နားလည်တဲ့ မိဘပြည်သူတွေကြောင့် သူတို့ရဲ့ဝါဒဖြန့်ချိမှု ရာနှုန်းပြည့်မအောင်မြင်ခဲ့ဘဲ ကျောင်းသား/ကျောင်းသူအများစု ကျောင်းပြန်တက်နေကြတာ ဝမ်းသာစရာမြင်ကွင်းပဲ ဖြစ်ပါတယ်။

နိုင်ငံရေးနဲ့ ပညာရေးမှာသာမက စစ်ရေးမှာလည်း သတင်းအဆိပ်ခတ်မှုတွေ၊ ဝါဒဖြန့်ချိမှုတွေ လုပ်ဆောင်နေကြတာပါပဲ။ လတ်တလောတပ်မတော်ရဲ့ ဥက္ကရစ်ထစခန်းကို ပြည်ပငွေကြေးထောက်ပံ့မှုနဲ့ PDF လေးတွေကို အသုံးချပြီး တိုက်ခိုက်ခဲ့ပေမယ့်လည်း KNDO နဲ့ PDF တွေ စခန်းသိမ်းလို့မရဘဲ ခွက်ခွက်လန်အောင် ရှုံးနိမ့်ခဲ့ကြပါတယ်။ သို့ပေမယ့်လည်း ဒီစခန်းကို စတင်တိုက်ခိုက်တဲ့အချိန်မှာပဲ စခန်းသိမ်းနိုင်ပြီဖြစ်ကြောင်း ကြိုတင်ဝါဒဖြန့်ခဲ့ကြပြီး သေဆုံးသွားတဲ့ PDF နဲ့ KNDO အလောင်းတွေကို စုပုံပြီး တပ်မတော်ဘက်က ကျဆုံးလေသယောင် ဝါဒဖြန့်နေကြတာပါပဲ။ တကယ်တော့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေဟာ မြန်မာနိုင်ငံနဲ့ နိုင်ငံသားတွေအတွက်တော့ အရှုံးကြီးပဲဆိုတာကို နားလည်တဲ့အတွက် နစကအစိုးရကတော့ ငြိမ်းချမ်းရေး ဖိတ်ခေါ်ဆွေးနွေးမှုကို တစိုက်မတ်မတ် ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ နစကဥက္ကဋ္ဌက ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားချက်က နစကအစိုးရရဲ့ ငြိမ်းချမ်းရေးလမ်းစဉ်ကို ရှင်းရှင်းလင်းလင်း မြင်တွေ့နိုင်ပါတယ်။ စာမျက်နှာ ၇ သို့ ❍

> **နိုင်ငံရေးအပြောင်းအလဲ စတင်ချိန်မှာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရဲ့ မဲလိမ်/မဲခိုးမှုတွေနဲ့ ဥပဒေချိုးဖောက်မှုတွေကြောင့် တပ်မတော်က နိုင်ငံတော်အာဏာကို အခြေခံဥပဒေအရ ဝင်ရောက်ထိန်းသိမ်းရတဲ့ အကြောင်းတရားအမှန်ကို ပုံဖျက်ပြီး စစ်တပ်က မတရားအာဏာသိမ်းတယ်ဆိုတဲ့ အတွေးအခေါ်အယူအဆကို ပြည်သူတွေအကြားမှာ လျင်လျင်မြန်မြန်ပျံ့နှံ့သွားအောင် သတင်းအချက်အလက်ပုံဖျက်ခြင်း (Disinformation)နဲ့ ၎င်းတို့ရဲ့ အယူအဆမှား/သတင်းမှားတွေကို ပျံ့နှံ့စေခြင်း(Misinformation Floating)ဖြစ်အောင် ဆိုရှယ်မီဒီယာတွေနဲ့ ၎င်းတို့ကြိုတင်မွေးမြူ တည်ဆောက်ထားကြတဲ့ ကွန်ရက်တွေကနေတစ်ဆင့် ဆောင်ရွက်ကြပါတယ်။**

❍ စာမျက်နှာ ၆ မှ

အထက်မှာဖော်ပြခဲ့သလို ပြည်သူတွေကို သတင်းမှားတွေနဲ့ လှုံ့ဆော်တာ၊ အဆိပ်ခတ်တာများလာတဲ့အတွက် အမှန်တရားကို လိုလားတဲ့ ပြည်သူတွေထဲကပဲ စနစ်တကျ စောင့်ကြည့်မှတ်တမ်းတင်နေတဲ့အဖွဲ့တွေရှိလာပါတယ်။ ဒီအဖွဲ့တွေထဲက Fact Check ဆိုတဲ့ အဖွဲ့ကတော့ အတော်လေး တစိုက်မတ်မတ် ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဒီအဖွဲ့ကဖော်ထုတ်ထားတဲ့ အချက်အလက်တွေအရ **ပြည်ပအထောက်အပံ့ယူပြီး ဆောင်ရွက်နေကြတဲ့ ပြည်တွင်း/ပြည်ပ မီဒီယာများဖြစ်တဲ့ DVB၊ Khit Thit၊ Mizzima နဲ့ Ayeyarwaddy Times အပါအဝင် အခြားသော သတင်းမီဒီယာအမည်ခံ လေလှိုင်းပေါ်က လူသတ်သမားများရဲ့ လုပ်ကြံသတင်းအတု/ သတင်းအမှား/ သတင်းအမှန်တွေကို ရှင်းရှင်းလင်းလင်း သိရှိပါတယ်။ Fact Check အဖွဲ့ရဲ့ ထုတ်ပြန်ချက်အရ ဇွန်လတစ်လအတွင်းမှာ ပြည်ဖျက်မီဒီယာတွေကနေ ထုတ်လွှင့်နေတဲ့ လုပ်ကြံသတင်းအတု ၃၅၆ ပုဒ်၊ သတင်းအမှား ၈၇ ပုဒ်၊ သတင်းအမှန် ၁၂၇ ပုဒ် ရှိကြောင်း တွေ့ရှိရလို့ အဆိုပါ မီဒီယာတွေကနေ ထုတ်လွှင့်ရေးသားချက်တွေရဲ့ ၄ ပုံ ၃ ပုံက အမှားတွေ ဖြစ်တယ်ဆိုတာကို ပြည်သူတွေ သိရှိနားလည်စေချင်ပါတယ်။**

ဇွန်လ(၁)ရက်နေ့မှ ဇွန်လ (၃၀)ရက်နေ့ထိ ပြည်တွင်း/ပြည်ပ မီဒီယာအချို့၏သတင်းတင်ထားမှုစစ်တမ်း

| စဉ် | မီဒီယာအမည် | လုပ်ကြံသတင်းအတု (၁) | သတင်းအမှား (၂) | သတင်းအမှန် (၃) |
| --- | --- | --- | --- | --- |
| ၁ | Khit Thit | ၁၁၈ | ၃၆ | ၃၈ |
| ၂ | Mizzima | ၅၅ | ၁၃ | ၂၇ |
| ၃ | Tachileik News Agency | ၃၇ | ၁၆ | ၁၁ |
| ၄ | DVB | ၃၆ | ၉ | ၁၈ |
| ၅ | သစ်ထူးလွှင် | ၃၆ | ၅ | ၁၅ |
| ၆ | မြေလတ်အသံ | ၃၁ | ၄ | ၁၅ |
| ၇ | Delta News Agency | ၂၉ | ၄ | ၃ |
| ၈ | Ayeyarwaddy Times | ၁၄ | - | - |
| | စုစုပေါင်း | ၃၅၆ | ၈၇ | ၁၂၇ |

သတင်းစိစစ်ချက် အသေးစိတ်အား https://www.facebook.com/profile.php?id=100077272015649 ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## လုပ်ကြံသတင်းအတု

နံပါတ်(၁)အဝါရောင်လေးနဲ့ ဝိုင်းပြထားတဲ့ "လုပ်ကြံသတင်းအတု" ဆိုတာက ဖြစ်စဉ်လုံးဝမရှိဘဲ မြေပြင်မှာ အမှန်တကယ်ဖြစ်နေသလိုမျိုး ဓာတ်ပုံ၊ ဗီဒီယိုတွေကို ဖြတ်ညှပ်ကပ်ပြုလုပ်ပြီး လုပ်ကြံဖန်တီးရေးသားထားတဲ့ သတင်းတွေဖြစ်ပါတယ်။ PDF အကြမ်းဖက်သမားတွေက လုပ်ကြံသတ်ဖြတ်ပေမယ့် PDF လုပ်တယ်လို့မပြောဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက လုပ်ဆောင်သလိုမျိုး မီဒီယာတွေပေါ်မှာ တင်တဲ့ သတင်းတွေဖြစ်ပါတယ်။ နံပါတ်(၂) အစိမ်းရောင်လေးနဲ့ဝိုင်းပြထားတဲ့ "သတင်းအမှား" ဆိုတာကတော့ လက်တွေ့မြေပြင်မှာ ဖြစ်စဉ်အမှန်တကယ်ဖြစ်ခဲ့ပေမယ့် တစ်စိတ်ကိုတစ်အိတ်လုပ်ပြီး ပိုပြောထားတဲ့ သတင်းဖြစ်စဉ်တွေပဲ ဖြစ်ပါတယ်။ ဒီလိုဖြစ်စဉ်အမှန်တွေကြားမှာ သတင်းဖတ်သူတွေကို ဇဝေဇဝါဖြစ်စေမယ့် သူတို့ဖြစ်စေချင်တဲ့ အကြောင်းအရာတွေ၊ အတွေးအခေါ်တွေကို ထည့်သွင်းရေးသားထားတဲ့ "သတင်းအမှား"များ ဖြစ်ပါတယ်။

## ငါနဲ့မတူငါ့ရန်သူ

ပြည်ဖျက်မီဒီယာတွေရဲ့ သတင်းအတု၊ သတင်းအမှားတွေကို Fact Check အဖွဲ့ရဲ့ စိစစ်ချက်အရ PDF အကြမ်းဖက်အဖွဲ့တွေဟာ NUG အဖွဲ့ရဲ့ စေခိုင်းချက်အတိုင်း "ငါနဲ့မတူငါ့ရန်သူ" ဆိုပြီး သူတို့ကို မထောက်ခံတဲ့ အပြစ်မဲ့ပြည်သူလူထုကို ပစ်မှတ်ထားပြီး အကြောင်းမဲ့သတ်ဖြတ်နေတာကို တွေ့ရပါတယ်။ ဒီလိုသတ်ဖြတ်ကြတဲ့ သတင်းတွေမှာလည်း အပြစ်မဲ့ပြည်သူတွေကို ဒလန်ဆိုပြီး စွပ်စွဲဖော်ပြထားကြောင်း တွေ့ရပါတယ်။

**ဒီဖြစ်စဉ်တွေကို ကြည့်ရမယ်ဆိုရင် အေးချမ်းစွာနေထိုင်တဲ့ပြည်သူတွေဟာ ၎င်းတို့ရဲ့ လူမှုဘဝအဆင်ပြေဖို့ ရိုးရိုးရှင်းရှင်း ဖြတ်သန်းနေချိန်မှာ ကြောက်စိတ်တွေ လွှမ်းမိုးလာအောင် PDF အကြမ်းဖက်သမားတွေက ရက်ရက်စက်စက် သတ်ဖြတ်ပြနေကြတာကို မီဒီယာတွေကနေတစ်ဆင့် လှုံ့ဆော်ပေးနေတာဖြစ်ပါတယ်။ သူတို့ရဲ့သတ်ဖြတ်မှုတွေဟာ ကလေး၊ လူကြီး၊ ယောက်ျား၊ မိန်းမ၊ ဘုန်းကြီး၊ သီလရှင်မခွဲခြားတော့ဘဲ သူတို့ကိုမထောက်ခံတဲ့သူမှန်သမျှကို ဒလန်လို့စွပ်စွဲပြီး သတ်ဖြတ်နေကြခြင်းဖြစ်ပါတယ်။ နယ်မြို့တွေမှာရှိတဲ့ ပြည်သူတွေဆိုရင် နေအိမ်တွေပါ မီးရှို့တဲ့အထိ PDF တွေက ရက်စက်ကြပါတယ်။ ဒီလို PDF တွေရဲ့ ရက်စက်မှုတွေကိုလည်း ဒေါ်လာစားမီဒီယာအမည်ခံ လေလှိုင်းပေါ်ကလူသတ်သမားတွေနဲ့ အောက်လုံးထိုးသမားတွေက အမြဲဖုံးကွယ်ထားကြပါတယ်။**

## ပြည်ဖျက်မီဒီယာများ

ဒါကြောင့် ဒီလိုငွေမျက်နှာတစ်ခုတည်းကြည့်ပြီး လုပ်ကြံသတင်းအတု၊ သတင်းအမှားတွေကို သတင်းအဆင့်အတန်းမရှိစွာနဲ့ ထပ်ကာတလဲလဲ ရေးသားဖော်ပြနေတဲ့ မီဒီယာအမည်ခံ သတင်းဌာနတွေကို ပြည်ဖျက်မီဒီယာများ၊ ကျင့်ဝတ်သိက္ခာမရှိသော ဝါဒမှိုင်းတိုက်နေတဲ့မီဒီယာများ၊ သတင်းရောင်းစားသူများ၊ လေလှိုင်းပေါ်က လူသတ်သမားများအဖြစ် သတ်မှတ်ရခြင်းဖြစ်ပါတယ်။ အမှန်တော့ မီဒီယာအမည်တောင် ခံယူထိုက်သူတွေ မဟုတ်ပါဘူး။ တကယ့်မီဒီယာသမားစစ်စစ်တွေအတွက် သိက္ခာကျရပါတယ်။ သူတို့ရဲ့ အဓိကရည်ရွယ်ချက်က သတင်းအတု၊ သတင်းအမှားတွေကို ပြည်သူတွေ ယုံမှားပြီး အချင်းချင်းစည်းလုံးညီညွတ်မှု ပြိုကွဲအောင်၊ ပြည်သူနဲ့ တပ်မတော်ကြား သွေးကွဲအောင်၊ အမြင်မကြည်အောင် လုပ်ဆောင်နေခြင်းဖြစ်တဲ့အတွက် သတင်းဖတ်ရှုကြတဲ့ ပြည်သူတွေအနေနဲ့ ပြည်ဖျက်မီဒီယာတွေရဲ့ သတင်းအမှားတွေကို မယုံကြည်ဖို့နဲ့ Social Media ပေါ်ရှိ သတင်းတွေကို ချင့်ချိန်ပြီးယုံကြပါလို့ စေတနာရှေ့ထားပြီး ရေးသားတင်ပြလိုက်ရပါတယ်။ ။

■

# ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၁

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်သို့ ရောက်ရှိကာ ကျောင်းဝင်းအတွင်း စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှု၊ နို့စားနွားမွေးမြူရေးခြံနှင့် ဘဲမွေးမြူရေးခြံ ဆောက်လုပ်မည့်လျာထားမြေနေရာ၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လေးထပ်အင်ဂျင်နီယာအလုပ်ရုံဆောက်လုပ်ခြင်းအပါအဝင် တည်ဆောက်ရေးလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီ၍ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားသည်။



## ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်နှင့်အတူ မအူပင်မြို့နှင့် ဘိုကလေးမြို့တို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းများသို့ သွားရောက်ပြီး သင်တန်းကျောင်းခန်းမ၌ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာ၊ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ ရောက်ရှိပြီး တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာ၊ သင်တန်းသူများ လက်တွေ့သင်ကြားလေ့ကျင့်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လပွတ္တာမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများသို့ ရောက်ရှိပြီး ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာ၊ သင်တန်းသားများ၏ လက်တွေ့သင်ကြားလေ့ကျင့်နေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## သင်ကြားလေ့ကျင့်ပေးလျက်ရှိ

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မအူပင်မြို့နှင့် ဘိုကလေးမြို့တို့၌ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတစ်ကျောင်းစီ၊ ပုသိမ်မြို့နှင့် လပွတ္တာမြို့တို့၌ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတစ်ကျောင်းစီနှင့် လပွတ္တာမြို့၌ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းတစ်ကျောင်း စုစုပေါင်း ငါးကျောင်း တည်ထောင်ဖွင့်လှစ်ကာ ဒေသခံတိုင်းရင်းသားလူငယ်များနှင့် အမျိုးသမီးငယ်များကို အခြေခံပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံကတင်သွင်းခဲ့သော ကနဦးကန့်ကွက်လွှာဆိုင်ရာ တရားရုံးအမိန့်ဖတ်ကြားပွဲသို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ နယ်သာလန်နိုင်ငံသို့ရောက်ရှိ



**နေပြည်တော် ဇူလိုင် ၂၁**

ဂမ်ဘီယာနိုင်ငံသည် မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၌ ၁၉၄၈ ခုနှစ် လူမျိုးသုဉ်းစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံတကာ သဘောတူစာချုပ် (Convention on the Prevention and Punishment of the Crime of Genocide) ကို ကျူးလွန်ဖောက်ဖျက်သည်ဟု စွပ်စွဲချက်ဖြင့် တရားစွဲဆိုထားခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံကတင်သွင်းခဲ့သည့် ကနဦးကန့်ကွက်လွှာ (Preliminary Objections) အပေါ် တရားရုံးအမိန့် ဖတ်ကြားပွဲကို နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

အဆိုပါတရားရုံး အမိန့်ဖတ်ကြားပွဲသို့ တက်ရောက်ရန်ကိုယ်စားလှယ် (Agent) ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် အလှည့်ကျ ကိုယ်စားလှယ် (Alternate Agent) ဖြစ်သည့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ပူးတွဲခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၀ ရက်တွင် ရန်ကုန်မြို့မှ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့သို့စတင်ထွက်ခွာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ဦးဆောင်သော တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လိုက်လံပို့ဆောင်သည်။ **(အပေါ်ယာပုံ)**

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အမ်စတာဒမ်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ နံနက် ၆ နာရီ ၃၅ မိနစ်တွင် ရောက်ရှိခဲ့ရာ မြန်မာ သံရုံး ဘရပ်ဆဲလ်မြို့မှ သံအမတ်ကြီး ဦးစိုးလင်းဟန်နှင့် သံရုံးဝန်ထမ်းများက လေဆိပ်တွင် လာရောက်ကြိုဆိုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားသူများနှင့်ပတ်သက်၍ နိုင်ငံခြားသား အမြဲ နေထိုင်ခွင့်ပြုခြင်း (Permanent Residence System–PR System) ဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးနှင့် ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား လူတွေ့ မေးမြန်းအကဲဖြတ်ခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**အမျိုးအစားလေးမျိုးခွင့်ပြု**

ရှေးဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ကို ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံလိုသည့် စီးပွားရေးလုပ်ငန်းရှင်၊ အခြားနိုင်ငံသားခံယူထားပြီး မိမိနိုင်ငံကို အထောက်အကူပြုမည့်မြန်မာနိုင်ငံသားဟောင်းနှင့် မြန်မာနိုင်ငံသားနှင့် သွေးချင်းဆက်စပ်သူနိုင်ငံခြားသားဟူ၍အမျိုးအစားလေးမျိုးဖြင့် ခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စတင်ဆောင်ရွက်ချိန်မှ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၀ ရက်အထိ လျှောက်ထားသူနှင့် မိသားစု အပါအဝင် စုစုပေါင်း ၇၂၆ ဦးရှိပြီး ပြည်ထောင်စု အစိုးရအဖွဲ့ရုံးမှ အတည်ပြု ခွင့်ပြုပေးပြီးသူ မိသားစုအပါအဝင် ၆၄၈ ဦး ရှိပြီဖြစ်ကြောင်း၊ နိုင်ငံခြားသား အမြဲနေထိုင်ခွင့် စနစ်သည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံအတွက် နိုင်ငံခြားငွေရရှိရေးနှင့် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးတို့အတွက် များစွာအထောက်အကူပြုသည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်ကို PR နည်းဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လျှောက်ထားသူများအနက် PR နည်းဥပဒေအရ ငြင်းပယ်ခဲ့သူ ခုနစ်ဦး၊ လျှောက်ထားခြင်းကို ပြန်လည်ပယ်ဖျက်သူ တစ်ဦး၊ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု အခြေအနေအရ လေကြောင်းလိုင်းများပိတ်ထားခြင်းကြောင့် ဗဟိုကော်မတီက လူတွေ့စစ်ဆေး အကဲဖြတ်ရန် ကျန်ရှိသည့် လျှောက်ထားသူ ၃၉ ဦးနှင့် မိသားစု ၁၂ ဦး၊ ယခု ထပ်မံလျှောက်ထားသူ ၁၁ ဦးနှင့် မိသားစုခုနစ်ဦး စုစုပေါင်းလျှောက်ထားသူ ၅၀ နှင့် မိသားစုဝင် ၁၉ ဦး စုစုပေါင်း ၆၉ ဦးရှိကြောင်း၊ ၎င်းတို့အနက် လုပ်ငန်းကော်မတီက ပဏာမ စိစစ်ပြီးသူများနှင့် ယခင်လူတွေ့စစ်ဆေးရန် ကျန်ရှိသူများအနက်မှ လာရောက်ဖြေဆိုမည့်သူ မိသားစုဝင်များအပါအဝင် ၂၁ ဦးအား ယခုအစည်းအဝေးတွင် လူတွေ့ စစ်ဆေးအကဲဖြတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင်လည်း အဓိကလျှောက်ထားသူ ၁၂ ဦးကို လူတွေ့စစ်ဆေးအကဲဖြတ်ဆောင်ရွက်မည်ဖြစ်ရာ တက်ရောက်လာကြသည့် ဗဟိုကော်မတီဝင်များ အနေဖြင့် လူတွေ့မေးမြန်းအကဲဖြတ်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်စေရေးအတွက် ဝိုင်းဝန်းအကြံပြု သုံးသပ်အကဲဖြတ် ဆောင်ရွက်ပေးကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဗဟိုကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးအောင်ကျော်စိုးက နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ အမြဲနေထိုင်ခွင့်စနစ်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးမှုနှင့် ဆောင်ရွက်ရသည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း၊ တာဝန်ခံအရာရှိက လက်ရှိလူတွေ့စစ်ဆေး အကဲဖြတ်မည့် PR လျှောက်ထားသူ ၁၂ ဦး၊ မိသားစုဝင်ကိုးဦးတို့၏ ကိုယ်ရေး အချက်အလက်များ၊ လုပ်ငန်းကော်မတီနှင့် ဗဟိုကော်မတီတို့က စိစစ်ဆောင်ရွက်ခဲ့မှုနှင့် လူတွေ့အကဲဖြတ်စိစစ်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဗဟိုကော်မတီဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

**မေးမြန်းဆွေးနွေး**

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားသူများကို တစ်ဦးချင်းတွေ့ဆုံကာ ၎င်းတို့၏ကိုယ်ရေးအချက်အလက်များမှ သိရှိလိုသည်များ၊ ပြဋ္ဌာန်းထားသည့် နည်းဥပဒေအပေါ် သိရှိလိုက်နာဆောင်ရွက်ရေးနှင့် တည်ဆဲဥပဒေများနှင့်အညီ နေထိုင်နိုင်ရေး အခြေအနေများကို မေးမြန်းဆွေးနွေးကြပြီး အကဲဖြတ်အတည်ပြု ဆုံးဖြတ်ကြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးသည် PR လျှောက်ထားသူ ၁၂ ဦးကို ထပ်မံတွေ့ဆုံ၍ မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် (PR System) ကျင့်သုံးခွင့်ပြုရခြင်း၏ ရည်ရွယ်ချက်၊ PR လျှောက်ထားမှု လုပ်ငန်းစဉ်အဆင့်ဆင့်၊ PR နည်းဥပဒေပြဋ္ဌာန်းမှုနှင့် PR နည်းဥပဒေအပါအဝင် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ နေထိုင်လုပ်ကိုင် ဆောင်ရွက်ကြရေး ရှင်းလင်းပြောကြားသည်။

ယခုအစည်းအဝေးတွင် PR လျှောက်ထားသူ ၁၂ ဦးကို လူတွေ့အကဲဖြတ်စစ်ဆေးကာ ၎င်းတို့နှင့်အတူ လျှောက်ထားသည့် မိသားစုဝင် ကိုးဦးအပါအဝင် စုစုပေါင်း ၂၁ ဦးအတွက် စစ်ဆေးအကဲဖြတ် ဆောင်ရွက်ခဲ့ကြပြီး အတည်ပြုပြီးပါက အထက်အဆင့်ဆင့်သို့တင်ပြကာ အတည်ပြုခွင့်ပြုသူများကို နေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးနိုင်ရေး ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အများပြည်သူနားနေရာပန်းခြံများ စိမ်းလန်းစိုပြည်ရေး ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ကျောက်တံတားမြို့နယ်ရှိ မဟာဗန္ဓုလပန်းခြံအတွင်း အများပြည်သူများ ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်နေမှုနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်များ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပန်းခြံအတွင်း ရောင်စုံပန်းအလှပင်များ ပုံဖော်စိုက်ပျိုးရန်၊ အများပြည်သူ နားနေရာခုံတန်းများနှင့် အမိုးများပြုပြင်ရန်တို့ကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မြို့တော်ဝန်သည် ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်း မြန်မာ့မီးရထားရုံးချုပ်ရုံးဟောင်းမြေနေရာ၌ စီမံကိန်းအဆောက်အအုံများ တည်ဆောက်မည့်လုပ်ငန်းခွင်သို့ သွားရောက်၍ ဗိုလ်မြတ်ထွန်းမြစ်ထွက်ပေါက်ရေမြောင်း မြေထိန်းနံရံတည်ဆောက်ပြီးစီးမှုနှင့် ကုန်တင်ရထားလမ်းကူး Box Culvert တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်သည် အလုံမြို့နယ် သခင်မြပန်းခြံ၌ ပြည်သူများအပန်းဖြေအနားယူနေမှု၊ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နေမှု၊ စိမ်းလန်းစိုပြည်ရေးနှင့် မြေယာရှုခင်းများ ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပန်းခြံအဝင်အထွက်လမ်းများ ကောင်းမွန်ရေး ပြင်ဆင်ဆောင်ရွက်ရန်၊ ရောင်စုံပန်းအလှပင်များထည့်သွင်း၍ မြေယာရှုခင်းပြုပြင်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# အသက်မွေးဝမ်းကျောင်း နည်းပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၂၂)သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း နည်းပညာပေးသင်တန်း အမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Multipurpose Hall ၌ ကျင်းပသည်။

**စီစဉ်ဆောင်ရွက်လျက်ရှိ**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လူငယ်ကဏ္ဍသည် အရေးကြီးသည့်အတွက် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်ရေးရာဦးစီးဌာန၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော လူငယ်များ အလုပ်အကိုင်ရရှိစေရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေးအတွက် အမှန်တကယ် အလုပ်အကိုင်ဝင်ငွေရရှိမည့် အသက်မွေးဝမ်းကျောင်း ပညာ ကာလတိုသင်တန်းများကိုလည်း ထပ်မံဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်လှစ်ပေးနေမှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေပြီး ဌာနတွင်းမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို တစ်ဖက်တစ်လမ်းမှ စားဝတ်နေရေး ချောင်လည်နိုင်စေရန်နှင့် တစ်နိုင်တစ်ပိုင်အိမ်တွင်း စီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်လိုသူများ ပေါ်ထွက်လာစေရေးအတွက် သင်တန်းကို ဖွင့်လှစ်သင်ကြား ပို့ချပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

**သင်ကြားပို့ချသွားမည်**

အဆိုပါ သင်တန်းကို ဇူလိုင် ၂၁ ရက်မှ ၂၇ ရက်အထိ လူငယ်ရေးရာဦးစီးဌာန သင်တန်းခန်းမ၌ ဖွင့်လှစ်သွားမည်ဖြစ်ပြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ဆရာမဒေါ်စုလှိုင်မြင့် (ဦးစီးအရာရှိ)နှင့် ဒေါ်ရီရီဝင်း(ဒုတိယဦးစီးမှူး)တို့က သင်ခန်းစာများကို စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင် က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများအရ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အစိုးရက ခွင့်ပြုသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ လျှောက်ထားလာပါက သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ စိစစ်ထောက်ခံချက်များနှင့် အညီ ပြည်ထောင်စုနယ်မြေ နေပြည်တော် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ စိစစ်ထောက်ခံ တင်ပြပေးလျက်ရှိကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင် ဧက ၃၀၀ အောက်နှင့် ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် ဧက ၅၀ အောက် လျှောက်ထားလာပါက ပြည်ထောင်စုနယ်မြေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အနေဖြင့် စိစစ်၍ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စနစ်တကျ စီမံခန့်ခွဲပြီး အမှန်တကယ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် အသုံးချနိုင်ရေးနှင့် အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိသည့်နေရာများကို ပြန်လည်သိမ်းဆည်းနိုင်ရေး ကော်မတီအနေဖြင့် စိစစ်၍ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး နေပြည်တော် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့်ကိစ္စများနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ရန် အချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ကော်မတီဝင်များက ဖြည့်စွက်ဆွေးနွေးကြပြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧက ၁၀၀ စံပြကွက်ရှိ တောင်သူများအား ကွန်ပေါင်းမြေဩဇာများ ထောက်ပံ့ပေးအပ်

**ပုသိမ် ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့၌ ၂၀၂၂ ခုနှစ် မိုးစပါးရာသီ တစ်ဧက တင်း ၁၀၀ နှုန်းထွက်ရှိရေး



ဧက ၁၀၀ စံပြကွက်ရှိ တောင်သူများအား ကွန်ပေါင်းဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ကန်ကြီးထောင့်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်၍ ထောက်ပံ့ပေးအပ်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကန်ကြီးထောင့်မြို့နယ် ကွင်းယားကြီးကျေးရွာ ဧက ၁၀၀ စံပြကွက်ရှိ တောင်သူများအား ကွန်ပေါင်းဓာတ်မြေဩဇာ အိတ် ၁၀၀ ထောက်ပံ့ပေးအပ်ပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့သည်။ အလားတူ ကျောင်းကုန်းမြို့နယ် ကောက်ကြီးကုန်းကျေးရွာ ဧက ၁၀၀ စံပြကွက်ရှိ တောင်သူများအား ကွန်ပေါင်းဓာတ်မြေဩဇာများ ဆက်လက်ထောက်ပံ့ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အထွက်တိုး မျိုးကောင်းမျိုးသန့်များ သုံးစွဲကြစေရေး၊ စနစ်တကျမြေပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစေရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို အချိုးကျသုံးစွဲကြစေရေး၊ မိရိုးဖလာစိုက်ပျိုးနည်းများအပြင် ခေတ်မီစိုက်ပျိုးနည်းစနစ်များ၊ စက်ကိရိယာများ အသုံးပြုဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီး၏ ပန်းတိုင်အထွက်နှုန်းများ ရရှိစေရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျောင်းကုန်းမြို့နယ် ဆိပ်သာကြီးကျေးရွာနှင့် ကန်ကြီးထောင့်မြို့နယ် ဆိပ်သာလေးကျေးရွာကို ဆက်သွယ်ထားသည့် ကျုံလမုချောင်းကူးတံတား (၁၂၀ ပေ x ၁၄ ပေ) တည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဟင်္သာတမြို့နယ်၌ ၂၀၂၂ ခုနှစ်အတွက် မိုးစပါး ထွန်တုံးပိတ် စိုက်ပျိုးသရုပ်ပြပွဲ ကျင်းပ

**ဟင်္သာတ ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် မြို့ကွင်းကျေးရွာ၌ ယမန်နေ့ နံနက် ၉ နာရီက ၂၀၂၂ ခုနှစ် မိုးစပါး(ရေတော်မိုးတော်)စိုက်ပျိုးပြီးစီးခြင်း ထွန်တုံးပိတ် သရုပ်ပြစိုက်ပျိုးပွဲ အခမ်းအနားကို တောင်သူ ဦးစန်းလွင်၏ လယ်ယာမြေတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးမင်းလွင်ဦးက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်စက်မှုလယ်ယာဦးစီးမှူးက ကောက်စိုက်စက် အသုံးပြုနည်းများနှင့် စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော တောင်သူများ သိရှိလိုသော အချက်များကို တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းပြောကြားခဲ့ပြီး လက်တွေ့ စိုက်ပျိုးသရုပ်ပြသပေးခဲ့ကြသည်။

**ကိုဇော် – ဟင်္သာတ**

# ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်၊ နိုင်ငံသားဖြစ်ခြင်း၊ ပြည်ပလွှမ်းမိုးမှုနှင့် နိုင်ငံခြားအထောက်အပံ့များ

သုတကျော်

## နိဒါန်း

ရွေးကောက်ပွဲဆိုသည်မှာ ဒီမိုကရေစီစနစ်၏ အခြေခံဖြစ်ပြီး နိုင်ငံတော်အစိုးရတင်မြှောက်ဖွဲ့စည်းရေးနှင့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်သော ဖြစ်စဉ်တစ်ခုဖြစ်သည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာတို့ကို ဖော်ဆောင်ရာတွင် အမြင့်ဆုံးတာဝန်ရှိအဖွဲ့အစည်းဖြစ်သည်။ ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာလွှတ်တော်များတွင် ဥပဒေပြုရေးတာဝန်များ ထမ်းဆောင်ရမည်ဖြစ်ပြီး နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်များ၊ ဌာနဆိုင်ရာတစ်ခုခုကိုဦးစီး၍ တာဝန်ယူ ထမ်းဆောင်မည့် အကြီးအကဲများအဖြစ်သို့ ခန့်အပ်တာဝန်ယူရခြင်းများလည်း ရှိမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးအာဏာများနှင့် သက်ဆိုင်သော တာဝန်တစ်ခုခုကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ထို့အတူ တရားစီရင်ရေးအာဏာနှင့်လည်း နီးနွှယ်ဆောင်ရွက်ရပါမည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိန်းသိမ်းကိုင်တွယ်ဆောင်ရွက်ကြရမည့် လွှတ်တော်ကိုယ်စားလှယ်များသည် သတ်မှတ်အရည်အချင်းများ ပြည့်စုံရန် လိုအပ်ပါသည်။

## ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသူ/မရှိသူများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၃၈ (က) တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀၊ ၁၂၁၊ ၁၅၂၊ ၁၆၉ တို့တွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိခြင်း/မရှိခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ဖော်ပြထားပါသည်။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈(ခ) တွင် နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်သူ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟူ၍ ပြဋ္ဌာန်းထားသည်။ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၀(င)တွင် မွေးဖွားစဉ်က နိုင်ငံသားမဖြစ်သေးသော မိဘတစ်ပါးပါးမှဖြစ်စေ၊ နှစ်ပါးလုံးမှဖြစ်စေ မွေးဖွားသည့်နိုင်ငံသား အမျိုးသား၊ အမျိုးသမီးမရွေး၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိဟူ၍လည်းကောင်း၊ ၁၀(စ)တွင် နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ၊ နိုင်ငံခြားအစိုးရ၏ဩဇာခံယူသူ၊ နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူဟူ၍လည်းကောင်း၊ ၁၀(ဆ)တွင် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူဟူ၍လည်းကောင်း၊ ၁၀(ဇ) တွင် နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေး အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ အထောက်အပံ့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူဟူ၍လည်းကောင်း သတ်မှတ်ထား သည်။ ထို့အတူ နိုင်ငံရေးပါတီအဖြစ် လျှောက်ထားခွင့်မရှိသော အဖွဲ့အစည်းများမှာ နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ ဩဇာခံယူခြင်းပြုသည့် အဖွဲ့အစည်းဟူ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၇(ဃ) တွင် သတ်မှတ်ထားသည်။ နိုင်ငံသားဖြစ်ခြင်းနှင့်စပ်လျဉ်း၍ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပါ ပြဋ္ဌာန်းချက်အချို့ကို ဖော်ပြလိုပါသည်။

> **ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၀(ဇ)တွင် နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး ထံမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော နည်းဖြင့်ဖြစ်စေ အထောက်အပံ့ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ အထောက်အပံ့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင် ဖြစ်သူဟူ၍လည်းကောင်း သတ်မှတ်ထား**

## နိုင်ငံသားဖြစ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၃၄၅ တွင် နိုင်ငံသားအရည်အချင်းများကို သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေတွင် မွေးရာပါ မြန်မာနိုင်ငံသားနှင့် ဥပဒေအရ ဖြစ်တည်လာသည့် မြန်မာနိုင်ငံသားဟူ၍ နှစ်မျိုးရှိပါသည်။ နိုင်ငံတကာတွင်လည်း ထိုနည်းအတိုင်း ဖြစ်သည်။ သက်ဆိုင်ရာနိုင်ငံ၏ ဇာတိနိုင်ငံသားနှင့် အခြားပင်ရင်းနိုင်ငံတစ်ခုခုမှ ရွှေ့ပြောင်းအခြေချ၍ အနေကြာသူများအား ဥပဒေအရ ခွင့်ပြုခဲ့သည့် နိုင်ငံသားဟူ၍ နှစ်မျိုးနှစ်စားရှိကြစမြဲ ဖြစ်ပါသည်။ ဥပဒေအရ ခွဲခြားပြဆိုထားခြင်းသာဖြစ်ပြီး ထိုနှစ်မျိုးနှစ်စားစလုံးသည် ထိုနိုင်ငံ၏ နိုင်ငံသားများဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အခြားပင်ရင်းနိုင်ငံဟူ၍ မရှိ၊ မြန်မာ့မြေပေါ်တွင် မူလအစကပင် ပင်ရင်းနိုင်ငံအဖြစ် အစဉ်တစိုက် နေထိုင်ပေါက်ဖွားဆင်းသက်လာကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားမွေးရာပါ နိုင်ငံသားများနှင့် ဥပဒေအရ ခွင့်ပြုထားသည့် နိုင်ငံသားများဟူ၍ ဥပဒေတွင် ပြဋ္ဌာန်းထားရှိပါသည်။ ဥပဒေတွင် အခန်း (၈)ခန်းရှိပြီး ပုဒ်မ (၇၆)ခု ပါဝင်ပါသည်။


နိုင်ငံတော်တွင် ပါဝင်သောနယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်နှစ် ၁၈၂၃ ခုနှစ်မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားများဖြစ်သည်။ (၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၃)

တိုင်းရင်းသားတိုင်းသည် လည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူတိုင်းသည် လည်းကောင်း မွေးရာပါနိုင်ငံသားဖြစ်သည်။ (မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၅)


ဤဥပဒေအာဏာတည်သည့်နေ့တွင် နိုင်ငံသားဖြစ်ပြီးသူသည် နိုင်ငံသားဖြစ်သည်။ သို့ရာတွင် ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်နှင့်ငြိစွန်းလျှင် ယင်းပုဒ်မအရ အရေးယူခြင်းခံရမည်။ (မြန်မာနိုင်ငံသား ဥပဒေ ပုဒ်မ ၆)

နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ နိုင်ငံတော်ပြင်ပ၌ဖြစ်စေ မွေးဖွားသည့် အောက်ပါသူတို့သည်လည်း နိုင်ငံသားဖြစ်သည် –
(မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၇)


(က) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူများ၊
(ခ) နိုင်ငံသားနှင့် ဧည့်နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူများ၊
(ဂ) နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ၊
(ဃ) ဧည့်နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော သားသမီးနှင့်–
(၁) နိုင်ငံသား သို့မဟုတ်
(၂) ဧည့်နိုင်ငံသား သို့မဟုတ်
(၃) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ




(င) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသော သားသမီးနှင့် –
(၁) နိုင်ငံသား သို့မဟုတ်
(၂) ဧည့်နိုင်ငံသား သို့မဟုတ်
(၃) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ




(စ) ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသော သားသမီးနှင့် –
(၁) နိုင်ငံသား သို့မဟုတ်
(၂) ဧည့်နိုင်ငံသား သို့မဟုတ်
(၃) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ




## မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေ

မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေကို ၁၉၂၃ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ဥပဒေတွင် ပုဒ်မပေါင်း ၁၅ ခု ပါဝင်ပြီး ထိုအက်ဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးနှင့် သက်ဆိုင်သည့်အပြင် မည်သည့်ဒေသမဆိုရှိသော ပြည်ထောင်စု မြန်မာနိုင်ငံသားအားလုံးနှင့်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအားလုံးနှင့် လည်းကောင်း သက်ဆိုင်ကြောင်း ဖော်ပြထားသည်။ ဥပဒေ၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်၏လုံခြုံရေးနှင့် အကျိုးစီးပွားကို ထိခိုက်စေသော အကြောင်းအရာများ၊ သူလျှိုပြုလုပ်ခြင်းများအတွက် ကျူးလွန်သည့်ပြစ်မှုအလိုက် ပြစ်ဒဏ်အသီးသီးကို သတ်မှတ်ဖော်ပြထားသည်။ ထိုအက်ဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ကျူးလွန်စေရန်အားပေးကူညီလျှင် အဆိုပါပြစ်မှုကို မိမိကျူးလွန်မိသကဲ့သို့ အလားတူ ပြစ်မှုစီရင်ခြင်းခံရမည့်အပြင် အလားတူနည်းအတိုင်း အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ပါဝင်သည်။ ထို့ပြင် ရာဇသတ်ကြီး (The Penal Code) အခန်း ၆၊ ပြည်ထောင်စုနိုင်ငံတော်အစိုးရကို ဆန့်ကျင်ကျူးလွန်သော ပြစ်မှုများကို ပုဒ်မ ၁၂၁ မှ ၁၃၀ အထိ ပြဋ္ဌာန်းထားရာ ပုဒ်မ ၁၂၁ တွင် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်ခြင်း၊ ပုဒ်မ ၁၂၂ တွင် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးအတွက် ပြစ်ဒဏ်စသည်ဖြင့် ပြဋ္ဌာန်းထားသည်။

## နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၁ တွင် မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံဖြစ်သည်ဟု ပြဋ္ဌာန်းထားပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၆၊ နိုင်ငံတော်၏ အခြေခံမူ (၆)ချက်တွင် " နိုင်ငံတော်သည် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အစဉ်တစိုက် ဦးတည်သည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသည် ဒို့တာဝန်အရေးသုံးပါးတွင်လည်း ပါဝင်ပြီး နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှသာ မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ထာဝစဉ်ရပ်တည်နိုင်မည်ဖြစ်သည်။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၆ တွင် နိုင်ငံရေးပါတီများ စောင့်ထိန်းလိုက်နာရမည့် ပြဋ္ဌာန်းချက်မှာ ဒို့တာဝန်အရေးသုံးပါး တွင်ပါဝင်သော အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းစောင့်ရှောက်မည်ဖြစ်ကြောင်း ဝန်ခံချက်ကို ဖော်ပြရပါသည်။ အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များတွင် နိုင်ငံသားများ၏ကိုယ်စား တာဝန်ယူဆောင်ရွက်ကြရမည့် လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် လိုအပ်သကဲ့သို့ နိုင်ငံသားတိုင်းသည်လည်း မိမိနိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် လိုအပ်သည်။

**စာမျက်နှာ ၁၁သို့** ❍

○ စာမျက်နှာ ၁၀ မှ
နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်တွင်းရေးတွင် နိုင်ငံခြားမှ ဝင်ရောက်စွက်ဖက်ခြင်း မရှိစေရန်အတွက် နိုင်ငံအသီးသီး ဥပဒေပြဋ္ဌာန်း၍ ဆောင်ရွက်လျက်ရှိသည်။

## စင်ကာပူနိုင်ငံ

ပြည်တွင်းရေးကို နိုင်ငံခြားဝင်ရောက်စွက်ဖက်မှု (တန်ပြန်ဆောင်ရွက်မှု) အက်ဥပဒေ Foreign Interference (Counter-measures) Act ကို ပါလီမန်ထဲတွင် ၁၀ နာရီကြာ အပြင်းအထန်ဆွေးနွေး၍ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့၌ အတည်ပြုခဲ့သည်။ FICA ခေါ် Foreign Interference (Countermeasures) Act တွင် နိုင်ငံခြားကဝင်ရောက်စွက်ဖက်မှုကို တန်ပြန်အရေးယူနိုင်ရန် ကျယ်ပြန့်သောအချက်အလက်များ ပါဝင်သည်။ FICA ဥပဒေအရ နိုင်ငံခြားတိုင်းပြည်များက ဝင်ရောက်စွက်ဖက်ခြင်းကို မသင်္ကာမှုအပေါ်အခြေခံပြီး ရန်လိုသည့် သတင်းအချက်အလက်များနှင့် သွေးထိုးလှုံ့ဆော်နေမှုများကို ဖော်ထုတ်ရန် ပြည်သူများ၏အကျိုးကို ရည်မျှော်ပြီး စုံစမ်းစစ်ဆေးမှုဆောင်ရွက်ရန်မှာ ပြည်ထဲရေးဝန်ကြီးက အမိန့်ပေးညွှန်ကြားခွင့်ရှိသည်။

စင်ကာပူနိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်စေရန်ဖြစ်စေ၊ စင်ကာပူအစိုးရအပေါ် မုန်းတီးစိတ်ဝင်လာစေရန် သို့မဟုတ် အယုံအကြည်ပျက်စေရန်ဖြစ်စေ လူတစ်ဦးတစ်ယောက်က နိုင်ငံခြားအဖွဲ့အစည်းတစ်ခုခု၏ကိုယ်စား စင်ကာပူနိုင်ငံအတွင်းတွင် လှုံ့ဆော်ရေးသားမှုများ ပြုလုပ်မည်ဆိုပါက ၎င်းဥပဒေကို ချိုးဖောက်ရာကျမည်ဖြစ်သည်။

ယင်းဥပဒေချိုးဖောက်သည်ဆိုပါက တရားစွဲရာတွင် ပြည်ထဲရေးဝန်ကြီး၏ ဆုံးဖြတ်ချက်အပေါ် အယူခံလျှောက်ထားမှုများကို လူထုရှေ့မှောက်၌ ကြားနာစစ်ဆေးမှုများ ပြုလုပ်မည်မဟုတ်ဘဲ တရားသူကြီးတစ်ဦး ဦးဆောင်သော သီးခြားလွတ်လပ်သည့် ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးမည်ဖြစ်သည်။ ထိုကဲ့သို့ဆောင်ရွက်ရခြင်းမှာ ဖြစ်ပွားသောအမှုများသည် နိုင်ငံတော်လုံခြုံရေးနှင့် ဆက်နွယ်ပတ်သက်နေသောကြောင့် အတိမ်းအစောင်းမခံသည့် သတင်းအချက်အလက်များ ပါကောင်းပါနေနိုင်သည့်အတွက် သီးခြားလွတ်လပ်သည့် ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးမည် ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်လုံခြုံရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိခိုက်လာနိုင်သော ခြိမ်းခြောက်မှုအန္တရာယ်ကို တုံ့ပြန်ဖြေရှင်းရန်၊ စင်ကာပူပြည်သူများအနေဖြင့် မိမိတိုင်းပြည်ကို မိမိတို့က မည်ကဲ့သို့အုပ်ချုပ်သင့်သည်၊ မိမိတို့ဘဝကို မည်ကဲ့သို့ နေထိုင်သင့်သည်များအပေါ် ကိုယ်ပိုင်ရွေးချယ်ခွင့်ရှိရန် ရည်ရွယ်ခြင်းဖြစ်သည်။ နိုင်ငံခြားတိုင်းပြည်များ၏ ဝင်ရောက်စွက်ဖက်မှုကို တားဆီးသည့် ဥပဒေကို ဩစတြေးလျနှင့် ရုရှားကဲ့သို့နိုင်ငံကြီးများတွင်လည်း ပြဋ္ဌာန်းထားပြီးဖြစ်သည်။

## ဩစတြေးလျနိုင်ငံ

ဩစတြေးလျပါလီမန်က ၂၀၁၈ ခုနှစ် ဇွန်လနှောင်းပိုင်းတွင် နိုင်ငံခြားစွက်ဖက်မှုများကို တားဆီးနိုင်ရေးရည်ရွယ်သည့် ဥပဒေသစ်တစ်ရပ်ကို အတည်ပြုခဲ့သည်။ ဝန်ကြီးချုပ် မယ်လ်ကွမ်တန်းဘူးလ်ဦးဆောင်သည့် အစိုးရ၏အကြံပြုချက်အရဖြစ်ပြီး ထိုဥပဒေမှာ နိုင်ငံရေးအပါအဝင် ပြည်တွင်းရေးတွင် နိုင်ငံခြားတိုင်းပြည်များ၏ ဩဇာလွှမ်းမိုးစွက်ဖက်မှုကို ကာကွယ်နိုင်ရန်နှင့် တိုင်းပြည်အတွင်း နိုင်ငံရပ်ခြားတိုင်းပြည်များက သူလျှိုပြုလုပ်ထောက်လှမ်းခြင်းများကို တားဆီးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ဥပဒေအရ နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီကိုယ်စားလှယ်များ၏ နိုင်ငံခြားအလှူငွေများအပေါ် ကန့်သတ်ချက်များနှင့် နိုင်ငံရေးလှုပ်ရှားသူများအားလည်း နိုင်ငံရေး ကုန်ကျစရိတ်များ ရန်ပုံငွေသို့ နိုင်ငံခြားလှူဒါန်းငွေများ အသုံးပြုခြင်းမှ တားမြစ်ခဲ့သည်။ ဩစတြေးလျနိုင်ငံသည် နိုင်ငံခြားဩဇာသက်ရောက်မှု ပွင့်လင်းမြင်သာမှုဆိုင်ရာစနစ်ကိုလည်း ပြဋ္ဌာန်းခဲ့သည်။ အဆိုပါစနစ်တွင် နိုင်ငံခြားအကြီးအကဲများအတွက် နိုင်ငံရေးလှုပ်ရှားမှုများကို တာဝန်ယူသည့် ပုဂ္ဂိုလ်များသည် စနစ်၏လိုအပ်ချက်များဖြစ်သည့် မှတ်ပုံတင်ခြင်း၊ ထုတ်ပြန်ကြေညာခြင်းတို့ကို ပြုလုပ်ရန်လိုပေသည်။ ထို့ပြင် ဩစတြေးလျနိုင်ငံသည် နိုင်ငံခြား ကြားဝင်နှောင့်ယှက်မှုနှင့် ပတ်သက်သည့် ပြစ်မှုအသစ်များကို ပြဋ္ဌာန်းခဲ့ရာ ထိုအထဲတွင် " အပြည်ပြည်ဆိုင်ရာ နိုင်ငံခြား ဝင်ရောက်စွက်ဖက်မှု" (International Foreign Interference)နှင့်ပတ်သက်သည့် ပြစ်မှုပါဝင်ပြီး နိုင်ငံ၏နိုင်ငံရေးနှင့် အစိုးရလုပ်ငန်းတွင် ဩဇာအာဏာသုံးရန် ရည်ရွယ်သည့် နိုင်ငံခြားအကြီးအကဲများ၏ လျှို့ဝှက်ကြံစည်မှု သို့မဟုတ် ရွေးကောက်ပွဲလိမ်ညာမှု/ မသမာမှုပြုသည့် ပြုလုပ်မှုအတွက် ထောင်ဒဏ် နှစ် ၂၀ အထိ ပြစ်ဒဏ်ကို ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

## ရုရှားနိုင်ငံ

ရုရှားနိုင်ငံတွင်လည်း နိုင်ငံခြားအေးဂျင့် (နိုင်ငံရပ်ခြားကို ကိုယ်စားပြုပြီး ပြည်တွင်း၌ လှုပ်ရှားဆောင်ရွက်နေသူ)များကို ကိုင်တွယ်ထိန်းချုပ်နိုင်ရန် နိုင်ငံခြားအေးဂျင့်များဆိုင်ရာ ဥပဒေကို ၂၀၁၂ ခုနှစ်၌ ပထမဆုံးအကြိမ် ပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေကို ၂၀၁၉ ခုနှစ်တွင် "နိုင်ငံခြားအေးဂျင့် မီဒီယာဥပဒေ" အဖြစ် အသစ်ပြင်ဆင်ပြဋ္ဌာန်းသည်။ အဆိုပါဥပဒေအရ နိုင်ငံခြားတိုင်းပြည်များ သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းများမှ ဘဏ္ဍာငွေ အထောက်အပံ့ရယူသော မည်သည့်မီဒီယာမဆို ပြည်ပသူလျှိုအဖြစ် တရားရေးဝန်ကြီးဌာနက သတ်မှတ်မည်ဖြစ်ကြောင်း ပါရှိသည်။

## ပြည်ပစွက်ဖက်မှု

ပြည်ပစွက်ဖက်မှုဆိုသည်မှာ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေး၊ နိုင်ငံရေးမတည်မငြိမ်ဖြစ်စေရန်၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးစေရန် လုပ်ဆောင်နေခြင်းကို ဆိုလိုသည်။ သာမန် ကူးသန်းရောင်းဝယ်ခြင်း၊ မြန်မာနိုင်ငံအပေါ် ကောင်းမွန်သော အကူအညီပေးခြင်းမျိုးကိုဆိုလိုခြင်း မဟုတ်ပါ။ ပြည်ပစွက်ဖက်မှုခံနေရခြင်းကို လေ့လာကြည့်လျှင် မိမိနိုင်ငံအတွင်း ပြည်ပအားကိုး ပုဆိန်ရိုးများ ရှိနေ၍ဖြစ်သည်။ မြန်မာနိုင်ငံတွင် အင်အားတောင့်တင်းခိုင်မာသော အစိုးရတစ်ရပ် ရှိနေသည့်အခါ ပြည်ပစွက်ဖက်မှုများကို တားဆီးနိုင်သည်။ ပြည်ပစွက်ဖက်မှုဆိုသည်မှာလည်း နည်းမျိုးစုံသုံး၍ စွက်ဖက်မှုပြုလုပ်နေခြင်းဖြစ်သည်။ မြန်မာ့သမိုင်းကို ပြန်ပြောင်းလေ့လာလျှင် ပြည်ပစွက်ဖက်မှုသည် မြန်မာ့သမိုင်းစဉ်တစ်လျှောက် ရှိခဲ့သည်။

> **မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်လွတ်လပ်သောနိုင်ငံဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ၏ ပြည်တွင်းရေး၊ နိုင်ငံရေးများကို ဖြေရှင်းရာတွင်လည်းကောင်း၊ ညှိနှိုင်းအဖြေရှာရာတွင်လည်းကောင်း ပြည်ပနိုင်ငံများ၏ ကြားဝင်စွက်ဖက်မှုများမပါဘဲ မိမိနိုင်ငံသားများကသာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရာတွင် ရွေးကောက်ပွဲများကျင်းပရာ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ပြည်ပနိုင်ငံများ၏ အထောက်အပံ့၊ ဩဇာနှင့် လွှမ်းမိုးမှုများကင်းစင်ရန် သတိပြုရပေမည်။ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရမည်မှာ မြန်မာနိုင်ငံသား တိုင်းရင်းသားအားလုံး၏တာဝန်ပင်ဖြစ်**

နိုင်ငံတကာတွင်လည်း ပြည်ပစွက်ဖက်မှုနှင့် ပြည်ပသူလျှိုအန္တရာယ်နှင့်ပတ်သက်၍ ကမ္ဘာကျော်ဖြစ်ရပ်တစ်ခုမှာ အစ္စရေးနိုင်ငံ၏ ကမ္ဘာကျော်မော့စ်ဆက်ဟူသည့် ထောက်လှမ်းရေးအဖွဲ့အစည်းကြီး၏ သူလျှိုအလီကိုဟင်သည် ဆီးရီးယားနိုင်ငံတွင် ကာကွယ်ရေးဝန်ကြီးခန့်အပ်ရန် လျာထားခဲ့သည်အထိ ဖြစ်ပွားခဲ့သောဖြစ်စဉ်မှာ ဆီးရီးယားနိုင်ငံ၏ နိုင်ငံတော်လျှို့ဝှက်ချက်များကို တိုင်းတစ်ပါးလက်သို့ ရောက်ရှိသွားခဲ့သည်မှာ ဖြစ်ရပ်မှန်တစ်ခုပင်ဖြစ်သည်။

## အလီကိုဟင်(Eli Cohen)

ဖြစ်စဉ်အကျဉ်းကိုဖော်ပြရလျှင် ဆီးရီးယားနိုင်ငံဖွား ကာမေးအာမင်သဘက် (Kamel Amem Thaabet) စီးပွားရေးလုပ်ငန်းရှင်သူဌေးကြီးတစ်ဦးသည် ၁၉၆၂ ခုနှစ်တွင် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ အဆိုပါကာမေးအာမင်သဘက်သည် ၁၉၂၄ ခုနှစ်တွင် ဆီးရီးယားနိုင်ငံ၌မွေးဖွား၍ အာဂျင်တီးနားနိုင်ငံသို့ ပြောင်းရွှေ့သွားသူတစ်ဦးအဖြစ် အသွင်ယူ၍ ဆီးရီးယားသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ကာမေးအာမင်သဘက်၏ မူလရုပ်သွင်မှာ အစ္စရေးနိုင်ငံ မော့စ်ဆက်အဖွဲ့၏သူလျှိုအလီကိုဟင်ဖြစ်သည်။ ကိုဟင်သည် ဆီးရီးယားနိုင်ငံရောက်ရှိလာပြီး ငွေကြေးမြောက်မြားစွာသုံးစွဲကာ ဝန်ကြီးများ၊ စစ်ဘက်ခေါင်းဆောင်များ၊ နိုင်ငံရေးသမားများနှင့် ရင်းနှီးသောဆက်ဆံရေးကို တည်ဆောက်ခဲ့သည်။ ဆီးရီးယားနိုင်ငံ၏နိုင်ငံရေးလောကတွင် အလားအလာကောင်းများရှိသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် အာမင်အယ်လ်ဟာဖစ်နှင့် အလွန်နီးကပ်သော ဆက်ဆံရေးရှိခဲ့ပြီး ယုံကြည်မှုတည်ဆောက်နိုင်ခဲ့သည်။

အလီကိုဟင်သည် ဒမတ်စကတ်မြို့ရှိ ခမ်းနားသောနေအိမ်တွင် ပါတီပွဲများပေးခြင်း၊ စစ်ရေးခေါင်းဆောင်များနှင့် နိုင်ငံရေးသမားများ၏ လိုလားချက်၊ လိုလားမှုများကို ဖြည့်ဆည်းပေးခြင်းများကို ဆောင်ရွက်ပေးပြီး သတင်းများကို ရယူနိုင်ခဲ့သည်။ ကိုဟင်သည် ၁၉၆၂ ခုနှစ်မှစတင်ကာ ဆီးရီးယားနိုင်ငံ၏ စစ်ရေး၊ နိုင်ငံရေး သတင်းအချက်အလက်များကိုစုဆောင်း၍ မိခင်အစ္စရေးနိုင်ငံသို့ ပြန်လည်ပေးပို့ခဲ့သည်။ အစ္စရေးနိုင်ငံကို အဓိကခြိမ်းခြောက်နေသော ဂိုလန်ဒေသခံ စစ်စခန်း၊ အမြောက်စခန်းများ၊ ဒုံးပျံစခန်းများကို လေ့လာခွင့်ရရှိခဲ့ပြီး ပုံစံများ၊ တည်နေရာများ၊ လက်နက်တပ်ဆင်ထားမှုအချက်အလက်များကို ပေးပို့ခဲ့သဖြင့် အစ္စရေးနိုင်ငံလေတပ်မှ ထိုနေရာများကို အတိအကျချေမှုန်းနိုင်ခဲ့သည်။

အလွန်နီးကပ်သောဆက်ဆံရေးရှိခဲ့ပြီး ယုံကြည်မှုတည်ဆောက်နိုင်ခဲ့သော အာမင်အယ်လ်ဟာဖစ်သည် ဆီးရီးယားနိုင်ငံ၏ဝန်ကြီးချုပ်ဖြစ်လာချိန်တွင် အလီကိုဟင်ကို ကာကွယ်ရေးဝန်ကြီး ရာထူးခန့်အပ်ရန်အထိ လျာထားခဲ့သည်။ သို့ရာတွင် ဆီးရီးယားထောက်လှမ်းရေးအကြီးအကဲ ဗိုလ်မှူးကြီး အာမက်ဆူဒါနီသည် အလီကိုဟင်အား အမြဲတစေမသင်္ကာဖြစ်နေခဲ့သည်။ ဂိုလန်ကုန်းမြေဒေသ ဖုံးကြဲခံရပြီးနောက်ပိုင်း အလီကိုဟင်ကို ပိုမိုစောင့်ကြည့်ခြင်း၊ အသံလှိုင်းအာရုံခံကိရိယာများကို အလီကိုဟင် နေထိုင်သောနေအိမ်အနီး လျှို့ဝှက်စွာတပ်ဆင်ထောက်လှမ်းခဲ့ရာ ရေဒီယိုအသံလှိုင်းမှတစ်ဆင့် ခြေရာခံနိုင်ခဲ့ပြီး ၁၉၆၅ ခုနှစ် မေလ ၁၀ ရက်နေ့တွင် အလီကိုဟင်ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ အလီကိုဟင်၏ဇနီး နာဒီယာကိုယ်တိုင်ပင် အလီကိုဟင်ကို ကြိုးပေးကွပ်မျက်ချိန်မှ ၎င်း၏ခင်ပွန်းမှာ သူလျှိုတစ်ဦးဖြစ်ကြောင်း သိရှိခဲ့သည်။

## ပြည်ပလွှမ်းမိုးမှုနှင့် နိုင်ငံခြားအထောက်အပံ့များ

ပြည်တွင်းရေးကို နိုင်ငံခြားဝင်ရောက်စွက်ဖက်မှုမရှိစေရန်၊ ပြည်ပအထောက်အပံ့များ၊ အကူအညီများမှတစ်ဆင့် ပြည်ပဩဇာလွှမ်းမိုးမှုများ မဖြစ်စေရန်အတွက် ကမ္ဘာ့အင်အားကြီးနိုင်ငံများ အပါအဝင် နိုင်ငံများအားလုံးသည် ဥပဒေများပြဋ္ဌာန်းခြင်း၊ တားဆီးကာကွယ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲများတွင် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံကိုကိုယ်စားပြု၍လည်းကောင်း၊ ပြည်သူကို ကိုယ်စားပြု၍လည်းကောင်း နိုင်ငံ၏ အရေးကြီးသောကဏ္ဍများတွင် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သောကြောင့် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ပြည်ပအထောက်အပံ့များ၊ အကူအညီများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူဆောင်ရွက်ခြင်းကို သတိပြုဆင်ခြင်ဖွယ် ဖြစ်သည်။

## နိဂုံး

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်လွတ်လပ်သောနိုင်ငံဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ၏ ပြည်တွင်းရေး၊ နိုင်ငံရေးများကို ဖြေရှင်းရာတွင်လည်းကောင်း၊ ညှိနှိုင်းအဖြေရှာရာတွင်လည်းကောင်း ပြည်ပနိုင်ငံများ၏ ကြားဝင်စွက်ဖက်မှုများမပါဘဲ မိမိနိုင်ငံသားများကသာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရာတွင် ရွေးကောက်ပွဲများကျင်းပရာ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ပြည်ပနိုင်ငံများ၏ အထောက်အပံ့၊ ဩဇာနှင့် လွှမ်းမိုးမှုများကင်းစင်ရန် သတိပြုရပေမည်။ ထိုမှတစ်ဆင့် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့တွင် ပြည်ပစွက်ဖက်မှုများ၊ လွှမ်းမိုးမှုများ ဖြစ်ပေါ်လာနိုင်သည်။ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရမည်မှာ မြန်မာနိုင်ငံသား တိုင်းရင်းသားအားလုံး၏ တာဝန်ပင်ဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်နိုင်ရေး ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်သူများအပါအဝင် နိုင်ငံသားအားလုံးက နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိပါးနှောင့်ယှက်ခြင်းများအား ဝိုင်းဝန်းကာကွယ်တားဆီးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၃၇၉ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀–၇–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁–၇–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၃၇၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၇၉,၉၀၃) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၈၈၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၇၇၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအားထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၂၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၉၆) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၈၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၁၃) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၉၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၅၈၉) ခု | (၁၄) ဦး |
| စုစုပေါင်း | (၆,၃၇၉) ခု | (၁၆) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၁၇၆၇၄၆၀ | ၈၆၉၇၃၄၃၈ | ၁၀၅၀၇၀၂ |
| ၂။ | အိန္ဒိယ | ၄၃၈၂၅၁၈၅ | ၄၃၁၅၀၄၃၄ | ၅၂၅၈၇၀ |
| ၃။ | ဘရာဇီး | ၃၃၄၅၄၂၉၄ | ၃၁၈၀၆၂၉၁ | ၆၇၆၂၈၀ |
| ၄။ | ပြင်သစ် | ၃၃၂၅၈၄၈၁ | ၃၀၉၃၂၇၅၅ | ၁၅၁၁၀၄ |
| ၅။ | ဂျာမနီ | ၃၀၁၃၁၃၀၃ | ၂၈၁၁၄၃၀၀ | ၁၄၂၉၄၈ |
| ၆။ | ဗြိတိန် | ၂၃၂၁၂၅၆၅ | ၂၂၄၃၇၁၈၉ | ၁၈၂၇၂၇ |
| ၇။ | အီတလီ | ၂၀၃၈၅၈၁၄ | ၁၈၇၅၆၀၆၈ | ၁၇၀၃၇၀ |
| ၈။ | တောင်ကိုရီးယား | ၁၉၀၀၉၀၈၀ | ၁၈၃၆၄၈၃၄ | ၂၄၇၉၄ |
| ၉။ | ရုရှား | ၁၈၅၁၁၁၂၀ | ၁၇၉၂၄၃၇၂ | ၃၈၂၀၃၉ |
| ၁၀။ | တူကီယဲ | ၁၅၅၂၄၀၇၁ | ၁၅၀၉၆၇၇၄ | ၉၉၁၈၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၆၄၉၈၆ | ၉၈၃၇၆၄၅ | ၄၃၀၉၁ |
| ၂။ | အင်ဒိုနီးရှား | ၆၁၅၄၄၉၄ | ၅၉၆၀၈၃၃ | ၁၅၆၈၈၀ |
| ၃။ | မလေးရှား | ၄၆၃၅၆၄၈ | ၄၅၅၄၂၈၆ | ၃၅၈၇၈ |
| ၄။ | ထိုင်း | ၄၅၆၈၄၆၁ | ၄၅၁၃၉၄၃ | ၃၁၀၇၆ |
| ၅။ | ဖိလစ်ပိုင် | ၃၇၄၁၉၈၇ | ၃၆၅၉၁၃၉ | ၆၀၆၄၁ |
| ၆။ | စင်ကာပူ | ၁၆၂၆၃၆၀ | ၁၅၁၂၆၈၁ | ၁၄၆၃ |
| ၇။ | မြန်မာ | ၆၁၃၈၈၇ | ၅၉၂၇၇၄ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၆၇၆ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၉၁၇၇၄ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၅၃၂ | ၁၃၃၃၅၂ | ၃၀၅၆ |

## ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

ရေတာရှည် ဇူလိုင် ၂၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်ကုန်ထုတ်လမ်းနှစ်ခုနှင့် ဆိုလာစနစ် ရေရရှိရေးလုပ်ငန်းတစ်ခုတို့ကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကုန်ထုတ်လမ်းစတင်ဆောင်ရွက်**

တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုး၊ မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွန့်နှင့် ဝန်ထမ်းများသည် ကွင်းကြီးကျေးရွာအုပ်စု ကွင်းကြီးကျေးရွာနှင့် ကုန်းကြီးလမ်းဆုံ–သိုင်းဝကျေးရွာသွား ကွန်ကရစ်လမ်းဆက်သွယ်ထားသော အရှည် ၁၇၄၉ ပေ၊ အကျယ် ၁၈ ပေ၊ ဒု ၁၂ လက် မ၊ ကျောက်ရောမြေ အရှည် ၁၇၄၉ ပေ၊ အကျယ် ၁၂ ပေ၊ ဒုကိုးလက်မရှိ လမ်းပိုင်းနှင့် ရေပြွန်တံတား သုံးခု၊ ကွန်ကရစ်တံတားတစ်ခုတို့အား လည်းကောင်း၊ ကွင်းကြီးကျေးရွာအုပ်စု အမတ်ကြီးခုံကျေးရွာတွင် အကျယ် လေးလက်မခွဲ၊ အနက် ပေ ၄၀၀၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ပါ ဆိုလာစနစ်သုံး တွင်းနက်တူးဖော်ခြင်းလုပ်ငန်းနှင့် ရေနမူနာများကို လည်းကောင်း၊ ဝါးတောကြီးကျေးရွာအုပ်စု ဇမန်းသာကျေးရွာတွင် အရှည် ၀/၆ ဒသမ ၇၄၂ မိုင်ရှိ ကုန်ထုတ်လမ်း စတင်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။



ကိုလွင်(ဆွာ)

# အိုမီခရွန်မျိုးကွဲဗီဇပြောင်းဗိုင်းရပ်စ် BA.5 ကာကွယ်ဆေးသုံးမျိုး ဂျပန်နိုင်ငံ၌ သုံးစွဲခွင့်အတည်ပြု



တိုကျို ဇူလိုင် ၂၁

ဂျပန် ဆေးဘက်ဆိုင်ရာ အာဏာပိုင်များက အိုမီခရွန်မျိုးကွဲဗီဇပြောင်းဗိုင်းရပ်စ် BA.5 ကာကွယ်ဆေးသုံးမျိုးကို အရေးပေါ်သုံးစွဲခွင့် အတည်ပြုလိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အိုမီခရွန် မျိုးကွဲဗီဇပြောင်းဗိုင်းရပ်စ် BA.5 သည် ကမ္ဘာ့နိုင်ငံများ၌ ပျံ့နှံ့လျက်ရှိသည်။

တိုကျိုတက္ကသိုလ်နှင့် အမျိုးသားကူးစက်ရောဂါကာကွယ်ရေးဆိုင်ရာအင်စတီကျူတို့မှ သုတေသီများပါဝင်သောအဖွဲ့က အဆိုပါ ကာကွယ်ဆေးသုံးမျိုး၏ ရောဂါခုခံနိုင်စွမ်းတို့ကို စစ်ဆေးပြီးနောက် the New England ဆေးဘက်ဆိုင်ရာ ဂျာနယ်တွင် ရလဒ်များကို ဖော်ပြခဲ့သည်။

အဆိုပါ ကာကွယ်ဆေးသုံးမျိုးမှာ remdesivir ၊ molnupiravir နှင့် nirmatrelvir တို့ဖြစ်ပြီး ယင်းတို့သည် BA.5 နှင့် BA.2 ဗိုင်းရပ်စ်များကို ထိရောက်စွာ ကာကွယ်ပေးကြောင်း ၎င်းတို့က ဆိုသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအချို့သည် ယခင်ဗိုင်းရပ်စ်များကို ခုခံနိုင်စွမ်းရှိသော်လည်း BA.5 မျိုးကွဲဗိုင်းရပ်စ်ကို ခုခံနိုင်စွမ်းနည်းပါးသည့်အတွက် အဆိုပါ ကာကွယ်ဆေးသုံးမျိုးကို သုံးစွဲရန် အတည်ပြုပေးရခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဥရောပဒေသ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်နေ

စတော့ဟုမ်းစ် ဇူလိုင် ၂၁

ဥရောပဒေသ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများမြင့်တက်နေကြောင်း ဥရောပရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာက ပြောကြားသည်။

ယခုကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်လာခြင်းသည် အိုမီခရွန်ဗီဇပြောင်း BA.4 နှင့် BA.5 ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုများကြောင့်ဖြစ်ကြောင်း အဆိုပါစင်တာမှတာဝန်ရှိသူ အက်ဂိုရက်တာ ဘာကာက ပြောကြားသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း ဥရောပဒေသ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ သုံးသန်းနီးပါးရှိပြီး ၎င်းအရေအတွက်သည် တစ်ကမ္ဘာလုံးရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ၏ ထက်ဝက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ ရက်သတ္တပတ်တိုင်းတွင် လူ ၃၀၀၀ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးနေရကြောင်း သိရသည်။ ပြီးခဲ့သည့်သီတင်းပတ်များအတွင်း ဥရောပဒေသရှိ နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လာသောကြောင့် အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်များတွင် နှာခေါင်းစည်းဝတ်ဆင်စေခြင်းနှင့် လူအများအပြားနှင့် ဆောင်ရွက်သည့် အခမ်းအနားများတွင် ကျန်းမာရေးစည်းမျဉ်းများကို ပြန်လည်သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဥရောပရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာက ပြောကြားသည်။

ထို့ပြင် အခြားဗီဇပြောင်းဗိုင်းရပ်စ်ဖြစ်သည့် BA.2.75 သည် အိန္ဒိယနိုင်ငံ၌ တွေ့ရှိနေရပြီး ရောဂါကူးစက်မှုများ မြင့်တက်လာသည်နှင့်အမျှ ဥရောပနိုင်ငံများတွင်လည်း ကူးစက်မှုများတွေ့ရှိရကြောင်း သိရသည်။ ယခုလက်ရှိအချိန်တွင် ၎င်းဗီဇပြောင်းဗိုင်းရပ်စ်နှင့်သက်ဆိုင်သည့် အချက်အလက်များကို နိုင်ငံများမှရရှိစေရေး တာဝန်ရှိသူများက ဆောင်ရွက်နေကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၁၁၇၀ ထပ်မံတွေ့ရှိ

ဆိုးလ် ဇူလိုင် ၂၁

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၁၁၇၀ ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၀၀၉၀၈၀ ရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။ နိုင်ငံအတွင်း ပြီးခဲ့သည့်သီတင်းပတ်အတွင်း နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူ ၅၂၅၆၀ ရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ပြည်ပမှပြန်လည်ရောက်ရှိလာသူ ၄၀၅၅၀ တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၇၉၄ ဦး ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# အိန္ဒိယနိုင်ငံ၌ နေ့စဉ်ရောဂါကူးစက်ခံရသူ ၂၁၀၀၀ ကျော် ထပ်မံတွေ့ရှိ

နယူးဒေလီ ဇူလိုင် ၂၁

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၅၆၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၄၃၈၂၅၁၈၅ ဦး ရှိလာပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။ ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၄၅ ဦး သေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၅၈၇၀ အထိ ရှိလာပြီဖြစ်သည်။

ပိုးတွေ့ဆဲလူနာအရေအတွက်သည် လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်အတွင်းကစပြီး မြင့်တက်လာခဲ့သည်။ လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၄၈၈၈၀ ဦးရှိကြောင်း သိရသည်။

နေ့စဉ် ကူးစက်မှုနှုန်းသည် ၄ ဒသမ ၂၅ ရာခိုင်နှုန်းရှိပြီး ရက်သတ္တပတ်အတွင်း ကူးစက်မှုနှုန်းမှာ ၄ ဒသမ ၅၁ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

သို့သော် ရောဂါမှပြန်လည်သက်သာလာသူပေါင်း ၄၃၁၅၀၄၃၄ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံ၌ BA.5 ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၈၀ ရာခိုင်နှုန်း ရှိလာ

လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၁

အမေရိကန်နိုင်ငံ၌ BA.5 အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများ၏ ၈၀ ရာခိုင်နှုန်းတွင် တွေ့ရှိရကြောင်း အမေရိကန်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာမှ ပြောကြားသည်။

နိုင်ငံအတွင်း BA.5 ဗိုင်းရပ်စ်ကူးစက်ခံရသူများသည် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများ၏ ၇၇ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်းနှင့် BA.4 ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူများမှာ ၁၂ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ယခုတွေ့ရှိရသည့် BA.5 BA.4 ဗိုင်းရပ်စ်များသည် ကာကွယ်ဆေးများကို ခုခံစွမ်းအားရှိပြီး ရောဂါခံစားရခြင်း များပြားကြောင်း သိရသည်။

လက်ရှိအချိန်အထိ အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉၁၇၆၇၄၆၀ ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၀၅၀၇၀၂ ဦးရှိကြောင်း အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ဆိုသည်။

ထို့ပြင် ရောဂါမှပြန်လည်သက်သာလာသူပေါင်း ၈၆၉၇၃၄၃၈ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဖိလစ်ပိုင်နိုင်ငံ၌ တစ်ရက်အတွင်း ရောဂါကူးစက်ခံရသူ ၂၈၂၈ ဦး ထပ်မံတွေ့ရှိ

မနီလာ ဇူလိုင် ၂၁

ဖိလစ်ပိုင်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၂၈ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၃၇၄၁၉၈၇ ဦးရှိကြောင်း သိရသည်။

အဆိုပါ ရောဂါကူးစက်ခံရသူအရေအတွက်သည် ဖေဖော်ဝါရီ ၁၃ ရက်မှစပြီး နေ့စဉ်ကူးစက်မှုအရေအတွက် အများဆုံးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပိုးတွေ့ဆဲလူနာအရေအတွက်သည် ၂၂၂၀၇ ဦးအထိ မြင့်တက်လာကြောင်းနှင့် သေဆုံးသူအရေအတွက် ၆၀၆၄၁ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

လူဦးရေ ၁၃ သန်းကျော်ရှိသည့် မက်ထရိုမနီလာ၌ ရောဂါကူးစက်ခံရသူ ၁၀၀၀ ကျော် တွေ့ရှိခဲ့သည်။



ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦး တွေ့ရှိရပြီး နေ့စဉ်ရောဂါကူးစက်မှုစံချိန်တင်ခဲ့သည်။ လက်ရှိအချိန်အထိ ပြည်သူ ၁၁၂ သန်းကျော်ရှိသည့်အနက် ပြည်သူ ၇၁ ဒသမ ၄ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဇူလိုင် ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇူလိုင် ၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၃၀) တွင် ဉာဏ်ပညာရှိသော သမီးပျိုလေး၏ အကြံပေးချက်ကြောင့် ငွေအသပြာပေးလျော်ရမည့် ဆင်းရဲဒုက္ခက လွတ်မြောက်သွားသော ထမင်းဆိုင်ရှင်အကြောင်းကို တင်ဆက်ထားသည့် "ပညာရှိသမီးပျို" မျက်နှာဖုံးကာတွန်း၊ ဆောင်ရွက်ချက်အတော်များများတွင် မြေပုံ၏ အရေးပါအရာရောက်ပုံအကြောင်း တင်ဆက်ထားသည့် "မြေပုံ၏အသုံးဝင်ပုံ" သုတ ဆောင်းပါး၊ မြောင်းထဲကျသွားသော ပိုက်ဆံတစ်ရာကို ပြန်လည်မရသောကြောင့် အငိုမတိတ်သည့် ကလေးငယ်လေးတစ်ယောက် အကြောင်း ရေးဖွဲ့ထားသည့် "ဘယ်လိုလုပ်ရမလဲ" မျက်နှာဝက်ကာတွန်း၊ သူငယ်ချင်းများနှင့် စကားပြောရာတွင် ဟာသပြောတတ်သော မောင်တိုးအကြောင်း သရုပ်ဖော်ထားသည့် "တာတေနှင့်ဝသန်မြင်းမိုရ်" နှစ်မျက်နှာ ကာတွန်း၊ ညီအစ်မသုံးယောက်ရှိသည့်အနက် စိတ်ကောင်းရှိသော အလတ်မလေးအပေါ် သူတော်ကောင်းများက စောင့်ရှောက်ပုံ အကြောင်း တင်ဆက်ထားသည့် "ညီအစ်မသုံးဖော်" ပုံပြင်ကဏ္ဍ၊ မိမိ၏ မဆင်မခြင်ပြောလိုက်မိသောစကားကြောင့် သူတစ်ပါး စိတ်အနှောင့်အယှက်ဖြစ်ခြင်းက ကင်းဝေးရန် အခြေအနေအချိန်အခါကို လေ့လာပြီးမှ စကားပြောဆိုတတ်ရမည် ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် ဆရာမအင်ကြင်း (ဆေး-၁)၏ "မပြောခင်စဉ်းစားပါ" ဝတ္ထုကဏ္ဍ၊ အနာဂတ်၏ သားကောင်းရတနာများ ဖြစ်ကြသော ကလေးတို့အနေဖြင့် လူတော် လူကောင်းများဖြစ်ရန် အသိပညာများကို မပြတ်ဆည်းပူး လေ့လာတတ်ရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် "ဖူးသစ်စ" ကဗျာကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍနှင့် အင်္ဂလိပ်စကားဝိုင်းကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




## ပြင်ဦးလွင် မြို့မဈေးကြီး သမဝါယမအသင်းလီမိတက်က အသင်းသားများကို အကျိုးအမြတ်ငွေများ ထုတ်ပေး

ပြင်ဦးလွင် ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မြို့မဈေးကြီး ဈေးသမဝါယမအသင်းလီမိတက်က အသင်းသားပြည်သူများ၏ စားဝတ်နေရေးနှင့် လူမှုရေးကိစ္စများတွင် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွက် အသင်းမှရရှိသော အကျိုးအမြတ်များ ထုတ်ပေးခြင်းကို ဇူလိုင် ၂၀ ရက်က အဆိုပါအသင်းတွင် ပြုလုပ်ခဲ့သည်။

ထို့နောက် အသင်းမှ အသင်းသားပြည်သူ ၇၇၀ ကျော်အား တစ်ဦးလျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၁၅၀ ကျော် အကျိုးအမြတ် များကို လက်ဝယ်အရောက်ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မခင်ဝင်းကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

## ဘိန်းဖြူများနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၁

ဝိုင်းမော်မြို့၊ ကော့ကရိတ်မြို့နယ်၊ မိုးကုတ်မြို့နယ်၊ တာချီလိတ်မြို့နယ်နှင့် ဟိုပန်မြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဝိုင်းမော်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ဗထူးလမ်းနေ မလှိုင်(ခ)အေးလှိုင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၆၆ ကီလိုကို လည်းကောင်း၊ ဇူလိုင် ၂၀ ရက် ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကော့ကရိတ်မြို့နယ်၊ ရေကျော်ကြီးကျေးရွာအုပ်စု၊ တံတားကျိုးကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကောင်းမြင့်မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကိုလည်းကောင်း။

ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့နယ် ကျောက်တလုံးကျေးရွာအုပ်စု လယ်ကြီးကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မခင်ဝင်းမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၂ ကီလိုကိုလည်းကောင်း၊ ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု၊ တာပီးကျေးရွာရှိ အားချူ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ နှင့် ဘိန်းဖြူ သုည ဒသမ ၀၀၅ ကီလိုကိုလည်းကောင်း၊ ဇူလိုင် ၂၀ ရက် နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပန်မြို့၊ မန်ကောင်းရပ်ကွက်၊ နဝဒေးလမ်းနေ အိုက်ဆမ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၄၃၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကျုံပျော်တွင် ဧက ၁၀၀၊ တစ်ဧက တင်း ၁၀၀ ထွက်ရှိရေးအတွက် စိုက်ပျိုးတောင်သူများအား ထောက်ပံ့ငွေများပေးအပ်




ကျုံပျော် ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကျုံပျော်မြို့နယ်အတွင်း မိုးစပါး ဧက ၁၀၀ ကို တစ်ဧက တင်း ၁၀၀ နှုန်း ထွက်ရှိရေးအတွက် စိုက်ပျိုးတောင်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ယမန်နေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဒုတိယဦးစီးမှူး ဦးသန်းအောင်ဆန်းက စေတနာအား၊ လူအား၊ နည်းပညာအား ပေါင်းစပ်ခြင်းဖြင့် အထွက်နှုန်းကောင်းမွန်ရေးအကြောင်းကို လည်းကောင်း၊ ပုသိမ်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးဝင်းစိုးက မိုးစပါး ဧက ၁၀၀ လျှင် တစ်ဧက တင်း ၁၀၀ ထွက်ရှိရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းနှင့် ထောက်ပံ့ငွေပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်း ပြောကြားသည်။

### ထောက်ပံ့ပေးအပ်

အခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာနမှတိုင်း၊ ခရိုင်အဆင့်၊ ဌာနအကြီးအကဲများ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးကျော်ကျော်နှင့် ဝန်ထမ်းများ၊ ဧက ၁၀၀ စံပြကွက် စိုက်ပျိုးကြသည့် တောင်သူ ၂၈ ဦးတို့ တက်ရောက်ခဲ့ကြပြီး တစ်ဧကလျှင် ထောက်ပံ့ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ဧက ၁၀၀ အတွက် သိန်းတစ်ရာ့ငါးဆယ်တိတိအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သံတွဲမြို့၌ ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

သံတွဲ ဇူလိုင် ၂၁

သံတွဲမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် ခရိုင်/မြို့နယ်သစ်တော ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းခြံဝင်း စိမ်းလန်းစိုပြည်ရေး ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့နံနက် ၇ နာရီက အဆိုပါကျောင်းခြံဝင်း အတွင်း၌ ကျင်းပပြုလုပ်သည်။



ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးချစ်က အဖွင့်အမှာစကား ပြောကြားပြီး ကျောင်း အကျိုးတော်ဆောင်အဖွဲ့နာယက ဦးမြင့်စိုးက သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးချစ်နှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူလေးများအား အသင်းတစ်ခုချင်းလိုက် ပျိုးပင်များ ပေးအပ်ခဲ့ကြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သံတွဲခရိုင် သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးဆန်းတင့်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုပေါင်း၍ ကျောင်းခြံဝင်း စိမ်းလန်းစိုပြည်စေရေးအတွက် ပုန်းညက်၊ ငု၊ မည်စည်၊ ပိတောက်၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ စိန်ပန်း၊ မဟော်ဂနီ၊ မန်ဂျန်ရှား၊ ခရေ၊ ကံ့ကော်၊ ဗန်ဒါနှင့် ရေတမာပင် စုစုပေါင်း ၄၈၅ ပင်ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဇူလိုင်လ တတိယ ( ၁၀ ) ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၂၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှု အခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

✳ ကျောဖုံးမှ

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်းပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့်လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၂၁**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့မှ PDF အဖွဲ့ဝင်များအား ၎င်း၏မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့တွင် ကျုံပျော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်ထွန်းဝင်းနှင့်တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်နယ်မှူးနှင့် တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ကျုံပျော်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက် ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်စဉ်။

✳ ကျောဖုံးမှ

စက်တင်ဘာလစိုက်ကေတွေအနေနဲ့ ဒီဇင်ဘာလဆန်းမှာ ရိတ်သိမ်းသွားမှာဖြစ်ပါတယ်။ နေကြာတိုးချဲ့စိုက်တာက စားသုံးဆီဖူလုံစေဖို့အတွက်ပါ။ နေကြာစိုက်ဧက တိုးချဲ့စိုက်တာနဲ့အမျှ စိုက်ကေတွေအတွက် မျိုးစေ့တွေကလိုလာမှာပါ။ လိုအပ်တဲ့ မျိုးစေ့တွေကို ဖြည့်တင်းပေးနိုင်ဖို့အတွက် မျိုးစေ့ထုတ်ကေတွေကို စိုက်ပျိုးရတာဖြစ်ပါတယ်။ မနှစ်ကတစ်တင်းကို ငွေကျပ် ၂၂၀၀၀ နှုန်းရောင်းခဲ့ရပါတယ်။ အကျိုးအမြတ်ရကြပါတယ်။ နေကြာအထွက်နှုန်း တိုးတက်ရေးအတွက်ကိုလည်း ပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်။ နေကြာစိုက်ကေတွေတိုးချဲ့စိုက်မယ်၊ တစ်ကေအထွက်နှုန်း တိုးတက်အောင်စိုက်မယ်ဆိုရင် တောင်သူတွေ ဝင်ငွေတိုးပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမှာပါ။ ပြည်တွင်း စားသုံးဆီဖူလုံမှုတိုးတက်စေရေးနဲ့ ပြည်ပမှဝယ်ယူတင်သွင်းရတဲ့ စားအုန်းဆီတွေကို အစားထိုးနိုင်ဖို့ ရည်ရွယ်ပြီးတော့ ဆောင်ရွက်ပါတယ်” ဟု ၎င်းကရှင်းပြသည်။

မန္တလေးတိုင်းဒေသကြီးအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မိုးနေကြာလျာထားကေ ၂၈၇၄၅ ကေနှင့် ဆောင်းနေကြာလျာထားကေ ၂၄၀၉၀၃ ကေ စုစုပေါင်း ၂၇၀၆၄၈ ကေ စိုက်ပျိုးရန်လျာထားသတ်မှတ်ထားပြီး မိုးနေကြာမျိုးစေ့ထုတ်ကေ ၂၄၀၀ နှင့် ဆောင်းနေကြာမျိုးစေ့ထုတ်ကေ ၇၀၀ စုစုပေါင်း ကေ ၃၁၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

အဆိုပါ မိုးနှင့် ဆောင်းနေကြာမျိုးစေ့ထုတ်စိုက်ကေ ၃၁၀၀ မှ ထွက်ရှိလာသည့် မျိုးများကို ဒေသတွင်းနေကြာစိုက်ပျိုးမည့် တောင်သူများကို မျိုးကောင်းမျိုးသန့် စိုက်ဧရိယာကျယ်ပြန့် တိုးတက်လာစေရေးအတွက် ပြန်လည်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပြီး ပိုလျှံမည့် မျိုးစေ့များကို တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် တောင်သူအချင်းချင်း မျိုးဖလှယ်ခြင်းများလည်း ရှိကြောင်း၊ စိုက်ပျိုးနေသည့် နေကြာသက်တမ်းမှာ ရက် ၈၀ မှ ၈၅ ရက်ထိရှိကြောင်း သိရသည်။ **မင်းထက်အောင် (မန်းကိုယ်ပွား)**

# တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဇူလိုင် ၂၁**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည် ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်း စိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ် စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

**ဂုဏ်ပြုစားပွဲများ ပြုလုပ်**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/ တပ်ဖွဲ့များနှင့် နယ်မြေခံ သင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။



အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၇၀၀ | ၁၇၅၀ | ၁၇၄၅ | ၁၇၁၀ | ၁၇၄၅ | ၁၇၇၀ | ၁၇၅၅ | ၁၇၃၅ | ၁၈၂၅ | ၁၈၄၅ | ၁၇၄၀ | ၁၇၅၀ | ၁၇၈၅ | ၁၇၈၅ | ၁၇၈၅ | ၂၀၀၅ | ၂၅၆၀ |
| 95 Ron | ၁၇၅၅ | ၁၈၀၀ | ၁၈၀၀ | ၁၇၆၀ | ၁၈၀၀ | ၁၈၂၀ | ၁၈၀၅ | ၁၇၈၅ | ၁၈၈၀ | ၁၈၉၅ | ၁၇၉၀ | ၁၈၀၅ | ၁၈၃၅ | ၁၈၃၅ | ၁၈၄၀ | ၂၀၅၅ | ၂၆၁၅ |
| HSD (500 ppm) | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၅ | ၂၁၉၅ | ၂၁၉၀ | ၂၀၉၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၃၅ | ၂၁၃၅ | ၂၃၅၅ | ၂၈၄၅ |
| HSD (50 ppm) | ၂၁၁၀ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၄၀ | ၂၂၅၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၁၀ | ၂၈၇၅ |
| HSD (10 ppm) | ၂၁၁၀ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၄၀ | ၂၂၅၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၁၀ | ၂၈၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၆၁၂ | ၁၆၇၈ |
| 95 Ron | ၁၆၆၂ | ၁၇၂၉ |
| HSD (500 ppm) | ၁၉၅၂ | ၂၀၂၀ |
| HSD (50 ppm) | ၂၀၀၇ | ၂၀၇၇ |
| HSD (10 ppm) | ၂၀၀၇ | ၂၀၇၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## လှိုင်မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ကမာရွတ်ဘဏ်ခွဲ၌ ပင်စင်လစာများ လွယ်ကူအဆင်ပြေချောမွေ့စွာထုတ်ပေးလျက်ရှိ

**လှိုင် ဇူလိုင် ၂၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ရန်ကုန်-အင်းစိန်လမ်းမပေါ်ရှိ မြန်မာ့စီးပွားရေးဘဏ် ကမာရွတ်ဘဏ်ခွဲ၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ဇူလိုင်လအတွက် ပင်စင်လစာများကို ယနေ့နံနက် ၆ နာရီမှစတင်၍ ထုတ်ပေးလျက်ရှိရာ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ လွယ်ကူအဆင်ပြေချောမွေ့စွာ လာရောက်ထုတ်ယူလျက်ရှိကြောင်း သိရသည်။



အဆိုပါ ပင်စင်လစာများထုတ်ပေးရာတွင် လွယ်ကူအဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်ရေးအတွက် ငွေထုတ်ကောင်တာငါးခု ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာ့စီးပွားရေးဘဏ် ကမာရွတ်ဘဏ်ခွဲ၌ ပင်စင်လစာထုတ်ယူနေသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားဦးရေ ၁၆၁၃၄ ဦးရှိသည့်အနက် လစဉ် ၂၁ ရက်တွင် ငွေထုတ်သူဦးရေ ၄၀၀၀ ခန့်ရှိကြောင်း၊ ငွေထုတ်သူဦးရေများပြားသည့် ၂၁၊ ၂၂၊ ၂၃ ရက်များတွင် နေ့စဉ်နံနက် ၆ နာရီမှ စတင်ကာ ထုတ်ပေးလျက်ရှိကြောင်းနှင့် ကျန်ရက်များတွင် ဘဏ်လုပ်ငန်းချိန်အတွင်း ဘဏ်ဖွင့်ရက်များအတိုင်း ဆက်လက်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သဃ်္ဃန်းကျွန်းမြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လစာငွေများအား အဆင်ပြေချောမွေ့စွာ ထုတ်ပေးလျက်ရှိ

**သဃ်္ဃန်းကျွန်း ဇူလိုင် ၂၁**

ရန်ကုန်တိုင်း ဒေသကြီး သဃ်္ဃန်းကျွန်းခရိုင် မြန်မာ့စီးပွားရေးဘဏ်၌ ယနေ့နံနက် ၆ မှစတင်၍ E-ပင်စင်ကတ်၊ ATM၊ Myanmar Mobile Money (MMM)၊ A Plus Wallet Application နှင့် ငွေစုဘဏ်စာရင်းရှင်စာရင်း ဖွင့်လှစ်ထုတ်ပေးခြင်းစနစ်များဖြင့် မြန်ဆန်ချောမွေ့စွာ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ထုတ်ပေးရာတွင် ပင်စင်စားများအနေဖြင့် အခက်အခဲမဖြစ်ပေါ်စေရေး၊ အချိန်ကုန်သက်သာစေရေးနှင့် စိတ်ချမ်းသာစွာ ငွေထုတ်ယူနိုင်ရေးတို့အတွက် E-Pension ကောင်တာလေးခု၊ ငွေပေးကောင်တာငါးခုစီစဉ်ထားရှိပေးခြင်းအပြင် ဘဏ်ဝင်းအတွင်း နေရာထိုင်ခင်းပြည့်ပြည့်စုံစုံ စီစဉ်ထားရှိကြောင်းနှင့် ဘဏ်ခွဲရှိဝန်ထမ်းများအား စနစ်တကျ တာဝန်ခွဲဝေသတ်မှတ်ပေးထားကာ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

ယခုလမှစတင်ကာ ပင်စင်စားများအနေဖြင့် တန်းစီစောင့်ဆိုင်း၍ တိုကင်ရယူမှုမရှိစေရန် ကြိုတင်တိုကင်များကို ပေးဝေလျက်ရှိပြီး တိုကင်တွင် အမှတ်စဉ်အလိုက် ထုတ်ယူရန်နံပါတ်၊ သတ်မှတ်အချိန် ဖော်ပြပါရှိ၍ သတ်မှတ်ချိန်အတိုင်း ထုတ်ယူစေခြင်းဖြင့် အချိန်ကုန်သက်သာစေမည်ဖြစ်သည်။

အဆိုပါ ပင်စင်ထုတ်ပေးနေမှုများကို ဇူလိုင် ၂၁ ရက်မှ ဩဂုတ် ၂၀ ရက်အထိ ရုံးဖွင့်ရက်တိုင်း ဆက်လက်ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**○ နောက်ကျဂိုးများဖြင့်မှ**

တစ်ဂိုးအသာဖြင့် ဦးဆောင်နေသော်လည်း မိနစ် ၉၀ နှင့် နာကျင်အချိန်ပိုတွင် နှစ်ဂိုးဆက်ပေးရကာ လေးပွဲဆက်အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

နှစ်သင်းစလုံး ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး ရခိုင်အသင်းမှာမူ ပထမဆုံးနိုင်ပွဲရယူနိုင်ရန်အတွက် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ ပွဲအစ နှစ်မိနစ်တွင် ရခိုင်ယူနိုက်တက်အသင်း ဂိုးစတင်ရရှိခဲ့ပြီး ဖေယျာနိုင်က ပင်နယ်တီဧရိယာစည်းထိပ်မှ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

မြဝတီအသင်းသည် ချေပဂိုးရရန် ကြိုးပမ်းလာရာ မိနစ် ၉၀ တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် သက်ဝေမိုးက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ၉၀+၄ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ကောင်းစည်သူက အနိုင်ဂိုးသွင်းယူခဲ့သည်။

ပွဲစဉ်(၄)အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက လေးပွဲနိုင် ၁၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိပြီး ရောဝတီ၊ မြဝတီနှင့် ရန်ကုန်အသင်းတို့က သုံးပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်ကိုးမှတ်စီ၊ အား/ကာသိပ္ပံအသင်းက နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ခြောက်မှတ်စီ၊ ရတနာပုံနှင့် ဟံသာဝတီအသင်းတို့က တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး လေးမှတ်စီ၊ GFA နှင့် မဟာယူနိုက်တက်အသင်းတို့က တစ်ပွဲနိုင်၊ သုံးပွဲရှုံး သုံးမှတ်စီရထားကာ ရခိုင်အသင်းက လေးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

# 22nd SOMTC နှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော်　ဇူလိုင် ၂၁**

အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း (APSC) မဏ္ဍိုင်၏ (၂၂) ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (22nd ASEAN Senior Officials Meeting on Transnational Crime – 22nd SOMTC) ကို ယနေ့တွင် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် ဦးဆောင်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**ဆက်လက်ကျင်းပ**

အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများဖြစ်သော ကနေဒါ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဥရောပသမဂ္ဂ (EU) တို့နှင့် ပြုလုပ်သည့် ဆက်စပ်အစည်းအဝေးများကို ယမန်နေ့ နံနက် ၉ နာရီတွင် လည်းကောင်း၊ အမေရိကန်၊ နယူးဇီလန်၊ ဩစတြေးလျနိုင်ငံတို့နှင့် ပြုလုပ်သည့် ဆက်စပ်အစည်းအဝေးများကို ယနေ့ နံနက် ၉ နာရီတွင်လည်းကောင်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆက်လက်ကျင်းပသည်။

အဆိုပါအစည်းအဝေးများသို့ SOMTC (မြန်မာ) ခေါင်းဆောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ်အောင်အောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က နေပြည်တော် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမမှ အွန်လိုင်းဖြင့် တက်ရောက်ခဲ့ပြီး အာဆီယံ ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက်နိုင်ငံများမှ အတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်အဖွဲ့များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ ညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြသည်။

ဆက်စပ်အစည်းအဝေးများတွင် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးနယ်ပယ်မှ အကြမ်းဖက်မှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု၊ ငွေကြေးခဝါချမှု၊ ဆိုက်ဘာမှုခင်း၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုမှု၊ သဘာဝတောရိုင်းတိရစ္ဆာန်မှုခင်းများ တားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုတွင် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များနှင့် ဆိုင်းငံ့ထားသော လုပ်ငန်းစဉ်များအပေါ် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။




SOMTC + China အစည်းအဝေးကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင်ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ်အောင်အောင်နှင့် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. HU Binchen (မစ္စတာ ဟူပင်ချန်း) တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ အစည်းအဝေးတွင် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာများနှင့်ပတ်သက်၍ နားလည်မှုစာချွန်လွှာ (၂၀၁၇–၂၀၂၃) အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစီမံချက် (၂၀၁၉–၂၀၂၃) တို့အပေါ် လက်ရှိအခြေအနေနှင့်ကိုက်ညီမည့် လုပ်ငန်းစဉ်များ ထည့်သွင်းအကောင်အထည်ဖော်ရေး ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေး**

ယင်းအစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့က ဒေသတွင်း တရားခံပြေးများသည် နယ်စပ်ထိန်းချုပ်မှုအားနည်းချက်ကို အခွင့်ကောင်းယူပြီး အိမ်နီးချင်းနှစ်နိုင်ငံနှင့် ဆက်စပ်နယ်မြေသို့ နယ်စပ်ဖြတ်ကျော် ခိုးဝင်/ခိုးထွက် ခိုအောင်းမှုများစွာ ရှိနေပါကြောင်း၊ အဆိုပါတရားခံပြေးများသည် အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှု ကျူးလွန်သူများနှင့်ပူးပေါင်း၍ ရာဇဝတ်မှုခင်းများ ကျူးလွန်လာသည်ကို တွေ့ရှိရပါကြောင်း၊ မည်သည့်နိုင်ငံသား တရားခံပြေးဖြစ်စေ တရားဥပဒေစိုးမိုးရေးမူဘောင်က ရှုမြင်ပြီး ဖော်ထုတ်ဖမ်းဆီးခြင်း၊ လွှဲပြောင်းအရေးယူခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားခံပြေးများနှင့် ပတ်သက်၍ သတင်းအချက်အလက်ဖလှယ်မှုကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခြင်း၊ ဒေသဆိုင်ရာ တရားခံပြေး Database ထူထောင်ခြင်းတို့ကို ဆက်လက်တိုးမြှင့်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ SOMTC + U.S အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်က အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် လူကုန်ကူးမှု အစီရင်ခံစာ (၂၀၂၂) တွင် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ထည့်သွင်းဖော်ပြနိုင်ရန် အချက်အလက်များ တောင်းခံခဲ့သော အဖွဲ့အစည်းများ၌ တရားမဝင် အဖွဲ့အစည်းနှင့် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခံထားရသည့် အဖွဲ့အစည်းပါဝင်နေသဖြင့် မှန်ကန်သော၊ လျော်ကန်သင့်မြတ်မှုမရှိသော အချက်အလက်စုဆောင်းရေး နည်းလမ်းမဟုတ်ပါကြောင်း၊ ယင်းအဖွဲ့အစည်းသည် တရားဝင်အဖွဲ့အစည်း မဟုတ်ပါကြောင်း ဆွေးနွေးသည်။

အစည်းအဝေး သုံးရက်တာ ကျင်းပခဲ့သည့် 22nd SOMTC နှင့် ဆက်စပ်အစည်းအဝေးများတွင် သက်တမ်းပြည့်မြောက်ခြင်းမရှိသေးသော လုပ်ငန်းစီမံချက်များကို ဆက်လက်ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် ဆက်လက်ရေးဆွဲဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်အသစ်များတွင်လည်း ပြောင်းလဲဖြစ်ပေါ်နေသော မှုခင်းပုံစံများနှင့်အညီ လုပ်ငန်းစဉ်များ အကြံပြုထည့်သွင်းသွားကြရန် အတည်ပြုခဲ့ကြပြီး မြန်မာနိုင်ငံမှလည်း အာဆီယံမူဘောင်အောက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတည်ပြုဆွေးနွေးသည်။

**သတင်းစဉ်**

# (၁၈) ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအစည်းအဝေး ကျင်းပ

**နေပြည်တော်　ဇူလိုင် ၂၁**

(၁၈) ကြိမ်မြောက် မြန်မာ–တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် မြန်မာနိုင်ငံမှ အလှည့်ကျအိမ်ရှင်အဖြစ်ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သည်။






**နိုင်ငံတိုင်းရင်ဆိုင် ကြုံတွေ့နေ**

အစည်းအဝေးတွင် မြန်မာနိုင်ငံကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ရဲမှူးချုပ်ဝင်းနိုင်က မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတိုင်းရင်ဆိုင်ကြုံတွေ့နေရသည့် အကြီးမားဆုံးပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ လူလုပ်ဆေးဝါးသစ်များ လွယ်ကူစွာဝယ်ယူရရှိမှုများသည် ပြဿနာကိုပိုမိုဆိုးရွားလာစေကြောင်း၊ မူးယစ်ဆေးဝါးများကို ဆက်သွယ်ရေးလုပ်ငန်းများ၊ ပုဂ္ဂလိကအမြန်ချောပို့လုပ်ငန်းများ၊ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများကို အသုံးပြု၍ ပို့ဆောင်ရောင်းဝယ်မှုများ ပြုလုပ်နေကြောင်းနှင့် အဓိကပင်လယ်ရေကြောင်းလမ်းများမှတစ်ဆင့် သယ်ဆောင် ရောင်းဝယ်မှုများ ပြုလုပ်နေကြသည်ကို ဖမ်းဆီးရမိမှု ဖြစ်စဉ်များအရတွေ့ရှိကြောင်း။

နည်းပညာ တိုးတက်လာမှုကြောင့် အွန်လိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုများမှတစ်ဆင့် ငွေပေးချေမှုများ အသုံးပြုလာပြီး အွန်လိုင်းမူးယစ်ဆေးဝါး ဈေးကွက်သည်လည်း ကျယ်ပြန့်စွာနေရာယူထိုးဖောက်ဝင်ရောက်လာသည်ကို တွေ့ရှိရကြောင်း၊ မူးယစ်ကုန်ကူးသူတို့က ကမ္ဘာ့စီးပွားရေးကျပ်တည်းမှု အခြေအနေများကြောင့် အလုပ်လက်မဲ့ဦးရေများပြားလာမှုအပေါ် အခွင့်ကောင်းယူပြီး အလွယ်တကူ ဝင်ငွေရလွယ်သော မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုအတွက် သယ်ဆောင်ခပေး၍ အသုံးချလာကြောင်း၊ မူးယစ်ဆေးဝါး ပျံ့နှံ့နေမှုအကျိုးဆက်အနေဖြင့် အချို့နိုင်ငံများတွင် မူးယစ်ဆေးဝါးသုံးစွဲမှုများမြင့်တက်လာနေတာကိုလည်း တွေ့ရှိရကြောင်း၊ UNODC ၏ ၂၀၂၁ ခုနှစ်အတွင်း အရှေ့နှင့်အရှေ့တောင်အာရှဒေသရှိ လူလုပ်ဆေးဝါးနှင့်ပတ်သက်သည့် အစီရင်ခံစာအရ မက်သ်အဖက်တမင်းနှင့် မက်သ်အဖက်တမင်း(ပုံဆောင်ခဲ) ဖမ်းဆီးရမိမှု တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာသည်နှင့်အညီ ထုတ်လုပ်မှုနှင့် သုံးစွဲသူဦးရေလည်း တိုးမြင့်လာကြောင်း၊ လူလုပ်ဆေးဝါးများ ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်မှုများသည်လည်း လျော့ကျသွားခြင်းမရှိဘဲ ဆက်လက်ကျယ်ပြန့်လျက်ရှိသည်ကိုတွေ့ရကြောင်း။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ ဘက်ပေါင်းစုံမှ တားဆီးတိုက်ဖျက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မဲခေါင်ဒေသတွင်းနိုင်ငံများနှင့်လည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် အောင်မြင်မှုရလဒ်ကောင်းများရရှိခဲ့ကြောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ပရီကာဆာ ထိန်းချုပ်ရေးနှင့် ပတ်သက်၍ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဥပဒေ၊ နည်းဥပဒေများကွဲပြားခြားနားမှု၊ အိမ်နီးချင်းနိုင်ငံများနှင့် ရှည်လျားသောနယ်နိမိတ်ထိစပ်နေမှုအပေါ် အခွင့်ကောင်းယူ၍ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အဓိကလိုအပ်သည့် ပရီကာဆာ ဓာတုပစ္စည်းများသည် နယ်စပ်ဒေသများမှတစ်ဆင့် တရားမဝင် နည်းလမ်းမျိုးစုံနှင့် ဝင်ရောက်လျက်ရှိခြင်းတို့ကြောင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်း၍ အထူးစစ်ဆင်ရေးများကိုလည်း ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် မိမိတို့နှစ်နိုင်ငံ နီးကပ်စွာပူးပေါင်းပြီး တူညီသော ရည်မှန်းချက်များနှင့် ဆောင်ရွက်မှုတို့ကြောင့် အောင်မြင်မှုများစွာ ရရှိမည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင် (NNCC) အထွေထွေအတွင်းရေးမှူးချုပ်နှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဗျူရို(NCB) ညွှန်ကြားရေးမှူးချုပ် Mr. Liang Yun ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြပြီး နှစ်နိုင်ငံ ကိုယ်စားလှယ်များက လက်ရှိ မူးယစ်ဆေးဝါး အခြေအနေများ၊ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ပရီကာဆာ ဓာတုပစ္စည်းများ ဖမ်းဆီးရမိမှုများနှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံ နိုင်ငံသားများ ပါဝင်ပတ်သက်သည့် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများကို အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်နိုင်ရေး ကိစ္စရပ်များ၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများနှင့် မှုခင်းများပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသတစ်လျှောက် မူးယစ်ဆေးဝါး ထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရန်ကိစ္စရပ်များ၊ (၁၉) ကြိမ်မြောက် အစည်းအဝေးကို တရုတ်နိုင်ငံ(NNCC)မှ အလှည့်ကျအိမ်ရှင်အဖြစ် ကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များသို့ တိုင်းရင်းသားပုံပြပုံပြင်စာအုပ်များ ပေးအပ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များသို့ တိုင်းရင်းသားပုံပြပုံပြင်စာအုပ်များ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီးက မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော် စုပေါင်းနေထိုင်ကြသည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် လွန်စွာအရေးကြီးကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တည်ဆောက်ရာတွင် အပြန်အလှန်ယုံကြည်မှု၊ ချစ်ခင်လေးစားမှုများရှိရန် လိုအပ်ကြောင်း၊ ယနေ့ ခွဲဝေပေးမည့် တိုင်းရင်းသားဘာသာ၊ မြန်မာဘာသာ နှစ်ဘာသာဖြင့် ထုတ်ဝေထားသည့် ပုံပြပုံပြင်စာအုပ်များသည် ကျောင်းနေအရွယ် တိုင်းရင်းသားကလေးငယ်များအကြား ပျံ့နှံ့ရောက်ရှိခြင်းဖြင့် အပြန်အလှန်ယုံကြည်မှု၊ ချစ်ကြည်လေးစားမှုများကို ကျောင်းနေအရွယ် ကလေးဘဝကတည်းက အုတ်မြစ်ချပေးနိုင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားကလေးငယ်များအနေဖြင့် ယခုခွဲဝေပေးမည့် ပုံပြပုံပြင်စာအုပ်များကို ဖတ်ရှုခြင်းဖြင့် မိမိတို့၏ စာပေ၊ ဘာသာကို ပိုမိုမြတ်နိုးတန်ဖိုးထားတတ်လာပြီး သင်ယူလိုသူများပြားလာကာ မူလတန်းစာပေသင်ကြားရာတွင်လည်း များစွာအထောက်အကူ ဖြစ်မည်ဖြစ်ကြောင်း၊ ယနေ့ ပေးအပ်ပွဲတွင် တိုင်းရင်းသား လူမျိုး ၁၁ မျိုးအတွက် ပုံပြပုံပြင်စာအုပ် ၁၀၁ မျိုးကို အုပ်ရေစုစုပေါင်း ၆၆၇၂၆ အုပ်ခန့် ခွဲဝေပေးအပ်သွားမည်ဖြစ်ပြီး တိုင်းရင်းသားစာပေ ယဉ်ကျေးမှုအသင်းများအနေဖြင့်လည်း တိုင်းရင်းသားကလေးငယ်များထံ ဆက်လက်ခွဲဝေပေးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားဘာသာသင် TA/LT ဆရာဆရာမများ ခန့်ထားရေးနှင့် သင်ကြားသင်ယူမှုဆိုင်ရာကိစ္စရပ်များ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများတွင် တိုင်းရင်းသားများ တက်ရောက်နိုင်ရေးကိစ္စရပ်များနှင့် တိုင်းရင်းသားအရေးဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးတို့သည် ခေါင်စို(ချင်း)၊ ဥ(ပ်)ပူး(ချင်း)၊ မွန်၊ ရခိုင်၊ မြို၊ ဇိုတုန်(ချင်း) စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် ဟွာလ်ငို(ချင်း)၊ တအာင်း(ပလောင်)၊ ကရင်၊ ရှမ်း တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များထံ ပုံပြပုံပြင်စာအုပ်များ ခွဲဝေပေးအပ်သည်။

ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနအနေဖြင့် ဝန်ကြီးဌာနမှ ပုံနှိပ်ထုတ်ဝေထားသည့် ပုံပြပုံပြင်စာအုပ်များကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တစ်ကြိမ်၊ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် တစ်ကြိမ်နှင့် ယခု ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ်အတွင်း ပုံပြပုံပြင်စာအုပ် ၁၉၆၈၃၉ အုပ်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ထားဝယ်တက္ကသိုလ်၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ထားဝယ် ဇူလိုင် ၂၁

ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် ထားဝယ်တက္ကသိုလ်တို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို လူငယ်နှင့် အနာဂတ် ခေါင်းစဉ်ဖြင့် ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ ထားဝယ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာဖြူက ညှိနှိုင်းရေးမှူးအဖြစ်ဆောင်ရွက်ပြီး လူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်း ထူးခြားသော အင်အားစုတစ်ရပ်လည်းဖြစ်ကြောင်း၊ လူမှုမီဒီယာအားကောင်းနေသည့် ကာလတွင် လူမှုမီဒီယာတွင် ရေးသားချက်များအပေါ် မိမိတို့၏ ပညာကို အခြေခံပြီး ဆင်ခြင်တုံတရား၊ အမှားအမှန်ကို ခွဲခြားနိုင်စွမ်းဖြင့် ဉာဏ်ပညာပြည့်ဝနေရန်လိုအပ်ကြောင်း၊ အသိဉာဏ်ပညာနည်းပါးနေမည်ဆိုပါက အလွယ်တကူ လမ်းမှားပေါ်ကို ရောက်ရှိနိုင်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြောကြားသူများအဖြစ် ထားဝယ်တက္ကသိုလ်မှ မကြယ်စင်မိုး (ဒုတိယနှစ် အင်္ဂလိပ်စာ)၊ မောင်ကျော်ဇော (ဒုတိယနှစ် သမိုင်း)၊ မစုမွန်ခိုင် (ပထမနှစ် ရုက္ခဗေဒ)နှင့် မဂန္ဓာဝင်းဝင်း (ပထမနှစ် သင်္ချာ) တို့က လူငယ်နှင့် စူးစမ်းလေ့လာမှု၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် သဘာဝပတ်ဝန်းကျင်၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် အားကစား၊ လူငယ်များယုံကြည်မှုရရှိရန် ပြင်ဆင်ထားရမည့်အကြောင်း၊ လူငယ်နှင့် သမိုင်း၊ လူငယ်နှင့် စီးပွားရေးအမြင်၊ လူငယ်နှင့် ပညာရေး စသည့် ခေါင်းစဉ်များဖြင့် စကားဝိုင်းဖွဲ့၍ ဆွေးနွေးခဲ့ကြသည်။

ထားဝယ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သန်းသန်းဦးနှင့် ဘာသာရပ်အသီးသီးမှ ဌာနမှူးများ၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြင်ကြင်သန်းနှင့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရွှေပင်လယ်(ထားဝယ်)**

## ၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ တတိယဆုရ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအား ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၅၀၀ ချီးမြှင့်

ရန်ကုန် ဇူလိုင် ၂၁

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့် ၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် တတိယဆုရခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) အမျိုးသမီးဘောလုံးကော်မတီက ဂုဏ်ပြုဆုငွေကျပ်သိန်း ၅၀၀ ချီးမြှင့်သည့်အခမ်းအနားကို ယမန်နေ့က အဖွဲ့ချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ဂုဏ်ပြုပွဲတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦးက ပြိုင်ပွဲအတွေ့အကြုံများအား ရှင်းလင်းပြောကြားပြီး အဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကိုကိုဌေးက မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း တတိယဆုရရှိခဲ့သည့်အပေါ် ဝမ်းသာပီတိစကားနှင့် အားပေးစကား ပြောကြားခဲ့သည်။ ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) အမျိုးသမီးဘောလုံးကော်မတီက ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၅၀၀ ကို အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကိုကိုဌေးတို့က ကိုယ်စားပေးအပ်ရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦးနှင့် ကစားသမားများက လက်ခံရယူကြသည်။ **(အပေါ်ပုံ)**

၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ တတိယဆုရမြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ-** ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်-** ဒေါ်သက်သက်ဝင်း၊ **လက်ထောက်နည်းပြများ-** ဒေါ်စန်းစန်းမော်၊ ဒေါ်အေးနန္ဒာလှိုင်၊ ဒေါ်နုနုခိုင်ဝင်း၊ **ဂိုးနည်းပြ-** ဦးယဉ်မင်းအောင်၊ ကစားသမားများအဖြစ် **ဂိုးသမား-** မေဇင်နွယ်၊ ဇူးလတ်နဒီ၊ မျိုးမြမြငြိမ်း၊ **နောက်တန်း-** ဖြူဖြူဝင်း၊ ချစ်ချစ်၊ ခင်သန်းဝေ၊ နန့်ဇူးဇူးထက်၊ အေးအေးမိုး၊ မေဖူးကို၊ ခင်မျိုးဝင်း၊ မိုးမမစိုး၊ ခိုင်သဇင်၊ ဇွန်ယုယဦး၊ **အလယ်တန်း-** ခင်မိုမိုထွန်း၊ ခင်မာလာထွန်း၊ ပုံ့ပုံ့ပြည့်မောင်၊ ဝင်းဝင်း၊ နှင်းပွင့်အေး၊ လင်းမြင့်မိုရ်၊ ဝေဖူးအိမ်၊ နော်ထက်ထက်ဝေ၊ ယဉ်လွန်းအိမ်၊ ခင်မိုးဝေ၊ **ရှေ့တန်း-** ဝင်းသိင်္ဂီထွန်း၊ ဂျူလိုင်ကျော်၊ မြတ်နိုးခင်နှင့် စန်းသော်သော်တို့ ပါဝင်ကြသည်။

မြန်မာအသင်းသည် အုပ်စုပွဲစဉ်များတွင် တီမော၊ ကမ္ဘောဒီးယားနှင့် လာအိုအသင်းတို့ကို အနိုင်ရကာ ဗီယက်နမ်အသင်းကို အရေးနိမ့်ပြီး အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့သည်။ ဆီမီးဖိုင်နယ်တွင် ထိုင်းအသင်းကို အရေးနိမ့်သဖြင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သော်လည်း တတိယနေရာလုပွဲတွင် နာမည်ကြီး ဗီယက်နမ်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ယူကာ တတိယဆုရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဗီယက်နမ်အမျိုးသမီးအသင်းကို ဆယ်စုနှစ်တစ်ခုဝန်းကျင်ကြာ အနိုင်မရခဲ့မှုကို အဆုံးသတ်ကာ နိုင်ပွဲရယူကာ တတိယဆုရခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတစ်လျှောက် ချန်ပီယံဆု နှစ်ကြိမ်၊ ဒုတိယဆု သုံးကြိမ်၊ တတိယဆု သုံးကြိမ် ရရှိထားသည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MFF**

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# ကာကွယ်ဆေး မထိုးရသေးတာကြောင့် အမေရိကန်အိုးပင်းမှာ ပါဝင်ကစားရဖို့ မသေချာဖြစ်နေတဲ့ ဂျိုကိုဗစ်

ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်ဟာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမထိုးနှံရသေးတာကြောင့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပါဝင်ကစားရဖို့ မသေချာဖြစ်နေတယ်လို့ သိရပါတယ်။

အမေရိကန် အိုးပင်းတင်းနစ်ပြိုင်ပွဲ စီစဉ်သူတွေကလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မထိုးနှံရသေးတဲ့ ကစားသမားတွေကို နိုင်ငံအတွင်း ဝင်ရောက်ခွင့်မပြုဘူးဆိုတဲ့ အမေရိကန်အစိုးရရဲ့ စည်းမျဉ်းတွေကို လိုက်နာရမှာဖြစ်တယ်လို့ အတိအလင်းပြောကြားခဲ့ပါတယ်။

ဆားဘီးယား ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ဂျိုကိုဗစ်ဟာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမထိုးနှံရသေးဘဲ ယခုနှစ် တင်းနစ်ရာသီ စတင်ခဲ့ချိန်ကလည်း ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ကာကွယ်ဆေးမထိုးနှံရသေးတာကြောင့် ပါဝင်ယှဉ်ပြိုင်ခွင့် ဆုံးရှုံးခဲ့ရတာဖြစ်ပါတယ်။

အသက် ၃၅ နှစ်အရွယ်ရှိ တင်းနစ်အကျော်အမော် ဂျိုကိုဗစ်ဟာ ယခု ဇူလိုင်လအတွင်း ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံဆုဖလားကို ရယူနိုင်ခဲ့ပြီး ဂရန်းဆလမ်းတင်းနစ်ချန်ပီယံဆုဖလားကို (၂၁)ကြိမ်မြောက် အထိ ဆွတ်ခူးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

စပိန်တင်းနစ် အကျော်အမော် ရာဖေးလ်နာဒယ်ဟာ ဂရန်းဆလမ်း ချန်ပီယံဆုဖလားကို (၂၂)ကြိမ်အထိ ရယူဆွတ်ခူးထားပြီးဖြစ်တာကြောင့် ဂျိုကိုဗစ်ဟာ အမျိုးသားတင်းနစ်လောကမှာ ဂရန်းဆလမ်းတင်းနစ် ဆုဖလားကို ဒုတိယအများဆုံး ဆွတ်ခူးနိုင်ခဲ့တဲ့ ကစားသမားလည်းဖြစ်လာခဲ့ပါတယ်။

ဆားဘီးယားတင်းနစ် အကျော်အမော် ဂျိုကိုဗစ်ဟာ အမေရိကန်အိုးပင်းတင်းနစ် ချန်ပီယံဆုဖလားကို သုံးကြိမ်ဆွတ်ခူးထားပြီး ယခုနှစ်ကျင်းပမယ့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲကိုတော့ ဩဂုတ် ၂၉ ရက်ကနေ စက်တင်ဘာ ၁၁ ရက်အထိ ကျင်းပမှာဖြစ်တယ်လို့ သိရပါတယ်။





## ဓနသဟာယအားကစားပြိုင်ပွဲမှာ ပြန်လည်ပါဝင်လာဖို့ မျှော်လင့်နေတဲ့ အဒမ်ပီယာတီ

အိုလံပစ် အားကစားပြိုင်ပွဲတွေမှာ သုံးကြိမ်အထိ ချန်ပီယံဖြစ်ထားတဲ့ အင်္ဂလန်ရေကူးကစားသမား အဒမ်ပီယာတီဟာ ခြေထောက်ကျိုးဒဏ်ရာ ရရှိခဲ့တာကြောင့် အနားယူခဲ့ရပြီး လာမယ့် ရက်သတ္တပတ်အတွင်းမှာ ကျင်းပမယ့် ဓနသဟာယ အားကစားပြိုင်ပွဲမှာ ပြန်လည်ပါဝင်လာဖို့ မျှော်လင့်လျက်ရှိတယ်လို့ သိရပါတယ်။

အသက် ၂၇ နှစ်အရွယ်ရှိ အင်္ဂလန် ရေကူးကစားသမား အဒမ်ပီယာတီဟာ ဘာမင်ဂမ်မြို့မှာ ကျင်းပမယ့်ဓနသဟာယ အားကစားပြိုင်ပွဲမှာ အင်္ဂလန်ကိုယ်စားပြုအနေနဲ့ ပြိုင်ပွဲလေးခုကို ပါဝင်ယှဉ်ပြိုင်ဖို့ ရည်ရွယ်ထားတယ်လို့ သိရပါတယ်။

အဲဒီဓနသဟာယ အားကစားပြိုင်ပွဲကို ဘာမင်ဂမ်မြို့မှာ ဇူလိုင် ၂၈ ရက်ကနေ ဩဂုတ် ၈ ရက်အထိ ကျင်းပသွားမှာဖြစ်တယ်လို့ သိရပါတယ်။

အဒမ်ပီယာတီဟာ ခြေထောက်ကျိုး ဒဏ်ရာရရှိခဲ့တာကြောင့် ပြီးခဲ့တဲ့လက ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့မှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲမှာလည်း ပါဝင်ယှဉ်ပြိုင် ကစားနိုင်ခဲ့ခြင်းမရှိဘဲ လွဲချော်ခဲ့ရတာဖြစ်ပါတယ်။

အင်္ဂလန်ရေကူးကစားသမား အဒမ်ပီယာတီဟာ ရီယိုအိုလံပစ်ပြိုင်ပွဲနဲ့ တိုကျိုအိုလံပစ်ပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ဆုတွေကို ရယူဆွတ်ခူးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။



# အာဂျင်တီးနားတိုက်စစ်မှူး ဒိုင်ဘာလာ ရိုးမားအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့

ဂျူဗင်တပ်အသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး ဒိုင်ဘာလာဟာ နည်းပြမော်ရင်ဟို တာဝန်ယူကိုင်တွယ်နေတဲ့ အီတလီစီးရီးအေကလပ် ရိုးမားအသင်းဆီ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ခဲ့ပြီဖြစ်ပါတယ်။

အသက် ၂၈ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒိုင်ဘာလာရဲ့ ဂျူဗင်တပ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ဇွန်လအတွင်းက ကုန်ဆုံးခဲ့တာဖြစ်ပြီး လက်ရှိကလပ် ရိုးမားအသင်းနဲ့အတူ သုံးနှစ်သက်တမ်းရှိစာချုပ် တစ်ရပ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ဒိုင်ဘာလာဟာ ၂၀၁၅ ခုနှစ်အတွင်းက ပါလာမိုအသင်းဆီကနေ ဂျူဗင်တပ်အသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ဂျူဗင်တပ်အသင်းအတွက် ပွဲစဉ်စုစုပေါင်း ၂၉၃ ပွဲ ပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၁၁၅ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။

တိုက်စစ်မှူး ဒိုင်ဘာလာဟာ အာဂျင်တီးနားနိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၃၄ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး သုံးဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒိုင်ဘာလာဟာ ၂၀၁၉ ခုနှစ်အတွင်းက မန်ယူအသင်းနဲ့ စပါးအသင်းတို့ဆီ ပြောင်းရွှေ့ဖို့ ချိတ်ဆက်မှုတွေပြုလုပ်ခဲ့ပေမယ့် ဂျူဗင်တပ်အသင်းက ရောင်းချခြင်းမရှိခဲ့တာကြောင့် အပြောင်းအရွှေ့ကိစ္စမအောင်မြင်ခဲ့တာဖြစ်ပါတယ်။



## ဂျူဗင်တပ်အသင်းက ဘရာဇီးနောက်ခံလူ ဘရီမာကို ခေါ်ယူ

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းဟာ တိုရီနိုအသင်းမှ ဘရာဇီး နောက်တန်းကစားသမား ဘရီမာကို ပြောင်းရွှေ့ကြေးပေါင် ၃၄ ဒသမ ၈ သန်းနဲ့ ခေါ်ယူလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။ နောက်တန်းကစားသမား ဘရီမာဟာ ဂျူဗင်တပ်အသင်းနဲ့အတူ ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တာလည်း ဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းဟာ နယ်သာလန်နောက်တန်းကစားသမား ဒီလစ်ကို ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းဆီ ပြောင်းရွှေ့ခွင့်ပေးခဲ့ပြီးနောက် ဒီလစ်ရဲ့နေရာမှာ အစားထိုးဖို့အတွက် အသက် ၂၅ နှစ်အရွယ်ရှိ ဘရာဇီးနောက်ခံလူ ဘရီမာကို ခေါ်ယူခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

နောက်တန်းကစားသမား ဘရီမာဟာ ၂၀၁၈ ခုနှစ်အတွင်းက ဘရာဇီးကလပ် အက်သလက်တီကို မီနီအီရိုအသင်းကနေ တိုရီနိုအသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး အဲဒီအချိန်ကစပြီး ဂျူဗင်တပ်အသင်းဆီ မပြောင်းရွှေ့မီအချိန်အထိ တိုရီနိုအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၁၁၀ အထိ ပါဝင်ကစားပေးခဲ့တာ ဖြစ်ပါတယ်။

# ဘာစီလိုနာအသင်းက တိုက်စစ်မှူး လီဝန်ဒိုစကီးကို လေးနှစ်စာချုပ်ဖြင့် ခေါ်ယူ

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းမှ ပိုလန်တိုက်စစ်မှူး လီဝန်ဒိုစကီးကို လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။

တိုက်စစ်မှူး လီဝန်ဒိုစကီးဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေပေမယ့် ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ဘာစီလိုနာအသင်းက တိုက်စစ်မှူး လီဝန်ဒိုစကီးကို ပြောင်းရွှေ့ကြေးပေါင် ၄၂ ဒသမ ၆ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

လီဝန်ဒိုစကီးဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၄၆ ပွဲ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၅၀ အထိ သွင်းယူပေးနိုင်ခဲ့ကာ ဘိုင်ယန်မြူးနစ်အသင်းအတွက် ဘွန်ဒက်လီဂါချန်ပီယံဆုဖလား (၁၀)ကြိမ်ဆက်တိုက် ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

လီဝန်ဒိုစကီးဟာဘိုင်ယန်မြူးနစ်အသင်းကစားသမားဘဝတစ်လျှောက် ပွဲစဉ်စုစုပေါင်း ၃၇၄ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၃၄၄ ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ဂတ်မူလာပြီးရင် ဘိုင်ယန်မြူးနစ်အသင်းအတွက် ဒုတိယ ဂိုးအများဆုံးသွင်းယူနိုင်ခဲ့တဲ့ ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ဘရာဇီးတောင်ပံကစားသမား ရာဖင်ဟာ၊ အိုင်ဗရီကို့စ်ကွင်းလယ်ကစားသမား ဖရန်ကက်ဆီနဲ့ ဒိန်းမတ်နောက်တန်းကစားသမား ခရစ္စတန်ဆန်တို့ကို ခေါ်ယူခဲ့ပြီးဖြစ်တာကြောင့် လီဝန်ဒိုစကီးဟာ ဘာစီလိုနာအသင်းက ယခုအပြောင်းအရွှေ့အတွင်း ခေါ်ယူခဲ့တဲ့ လေးဦးမြောက် ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။



ငွေကြယ် - ရေးသားသည်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

မှန်သည်။ မခင်သန်းနွဲ့သည် ကိုမောင်မောင်ဦး၏ အလောင်းကို ပထမဆုံးတွေ့ရှိသူဖြစ်သည်။ ရဲထံ သွားရောက်တိုင်ကြားသူဖြစ်သည်။ အခင်းဖြစ်စဉ်က အိမ်တွင်မရှိခဲ့သော်လည်း ဖြစ်ပြီး မိနစ်အနည်းငယ် အကြာ၌ အိမ်သို့ပြန်ရောက်လာသည်။ ကိုမောင်မောင်ဦး၏အလောင်းကိုတွေ့ရသည်။ သေနတ်ကို တွေ့ရသည်။ လက်ပွေ့အိတ်ကိုတွေ့ရသည်။ သို့ဖြင့် ရဲထံ တိုင်ကြားခဲ့သည်။ ရဲက သေနတ်နှင့် လက်ပွေ့အိတ်မှ သဲလွန်စရှာသည်။ ထိုအခါ ယင်းလက်ပွေ့အိတ်ထဲမှ စာတစ်စောင်ကိုတွေ့ရသည်။ လိပ်စာမှာ ပြည်လမ်းရှိ ရေနံ့သာလိပ်စာ။ လိပ်စာ၏ ရည်ညွှန်းသောအမည်က ဒေါ်ရေနံ့သာခင်ခင်ကြီး။ စာမှာ ရေနံချောင်းမှလာသည်။ မဝင်းရီရေးလိုက်သော စာဖြစ်သည်။

ရဲတို့ ရေနံ့သာသို့ရောက်အလာ၌ ဒေါ်ရေနံ့သာခင်ခင်ကြီးက စတင်၍ သူ လူသတ်ခဲ့ကြောင်း ဆီးပြောသည်။ အကြည်အသာ အဖမ်းခံသည်။ လက်ဗွေပါရဂူက သေနတ်ပေါ်မှာ ထင်နေသည့် လက်ဗွေရာသည် သူ၏လက်ဗွေရာနှင့် တူညီနေကြောင်း သက်သေခံသည်။

ရုံးတွင် မခင်သန်းနွဲ့က လမ်း၌သော်လည်းကောင်း၊ အိမ်ထဲ၌သော်လည်းကောင်း ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် မတွေ့ခဲ့ပါဟု ဒေါ်ရေနံ့သာခင်ခင်ကြီး အပေါ် မယိုးစွပ်လို၍လား၊ မယိုးစွပ်ချင်၍လား မသိ။ အစစ်ခံခဲ့သည်။

စင်စစ်တွင်မူ ကိုမောင်မောင်ဦးအား သေနတ်ဖြင့် ပစ်မိပြီး ကြက်သေသေနေရာမှ ရုတ်တရက် သတိပြန်ဝင်လာကာ သေနတ်ကိုပစ်ချပြီး အချောက်ချောက်အချားချား ထွက်ပြေးလာခဲ့မိချိန်တွင် လမ်း၌ ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် မခင်သန်းနွဲ့တို့ ဆုံမိကြစကောင်းပါသည်။

ရုံး၌ တစ်ကြိမ်နှစ်ကြိမ်မျှ သက်သေခံပြီးနောက် မခင်သန်းနွဲ့ ပျောက်ခြင်းမလှ ပျောက်သွားသည်။ သူ့အား သက်သေခံဖို့ ဆင့်ခေါ်၍မရကြောင်း၊ လက်ရှိအိမ်တွင် မရှိတော့ကြောင်း၊ အဘယ်သို့ ထွက်သွားသည်ကို မသိရကြောင်းနှင့် ရုံးမင်းထံ ရှေ့ဘက်စာရေးက တင်ပြသည်ကို ကြားခဲ့ရသည်။ ထိုနောက်ပိုင်းမှစ၍ မခင်သန်းနွဲ့ ထာဝရပျောက်ကွယ်သွားသည်။ သည်စဉ်က နန်းကိန္နရီ ရုံးသို့ မလာနိုင်သေး။ ခြေထောက်ကို ကျောက်ပတ်တီး စည်းထားရဆဲဖြစ်သည်။

လူတို့၏အကြည့်သည် ရုံးခန်းနှင့် စည်းဝေးခန်းကို ခြားထားရာ တံခါးဆီသို့ ရောက်သွားကြကြောင်း တွေ့ရသည်။ ညံစီနေသောအသံများ မီးကိုရေနှင့် ဖျန်းလိုက်သည့်နှယ် တိတ်ဆိတ်သွားသည်။

လူတို့ကြည့်နေသောနေရာသို့ ဒေါ်ရေနံ့သာ ခင်ခင်ကြီး ကြည့်လိုက်သည်။

ဣန္ဒြေကြီးသော၊ သိက္ခာရှိသော အစဉ်လို မျက်လွှာချထားလေ့ရှိသော တရားသူကြီးမင်းသည် တံခါးပေါက်ဝမှ ထွက်ပေါ်လာသည်။ သူ့နောက်မှာ အခြံအရံပါသည်။ သူ့လက်ထဲမှာ စာရွက်စာတမ်းအချို့ ပါသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏စိတ်၌ တရားသူကြီး မင်း၏လက်မှာ စာရွက်စာတမ်း ပါလာသည်မထင်။ မိမိ၏ကံကြမ္မာကို ယူဆောင်လာသည်ဟုသာ ထင်မိပါသည်။

x x x x x

[၂]

တရားသူကြီး ရုံးခန်းအတွင်းသို့ဝင်လာသည်ကို ရုံးခန်းအတွင်းရှိ လူအားလုံးက မတ်တတ်ရပ်၍ အရိုအသေပေးကြသည်။ ထိုထဲတွင် ဒေါ်ရေနံ့သာ ခင်ခင်ကြီးလည်း ပါဝင်သည်။ တရားသူကြီးက ထိုင်လိုက်မှ အားလုံးထိုင်လိုက်သည်။

တရားသူကြီးက ရှေ့ဘက်စာရေးအား တစ်စုံတစ်ခုပြောလိုက်သည်။ အသံမှာ တိုးလွန်းသောကြောင့် ဘာမျှမကြားရ။ ရှေ့ဘက်စာရေးသည် အမှုတွဲလေးတွဲအနက်မှ အမှုတွဲတစ်တွဲကို ထုတ်ယူလိုက်သည်။ အမှုတွဲနံပါတ်နှင့် တရားလို၊ တရားခံ အမည်များ လူအားလုံးကြားရလောက်အောင် အော်ပြောလိုက်သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ အမှုတည်း။

ရှေ့ဘက်စာရေးကအမှုတွဲကိုတရားသူကြီးရှေ့မှာ ချပေးသည်။ တရားသူကြီးသည် အမှုတွဲကို ဟိုလှန် သည်လှန်ပြုသည်။ အချို့နေရာကို ဖတ်ရှုခြင်းပြုသေးသည်။

လူတို့၏အာရုံသည် ၎င်းထံရောက်နေသည်။ အသက်ကို ဝဝမရှူရဲဘဲ၊ မျက်တောင်မခတ်ရဲဘဲ ငေးစိုက်ကြည့်နေမိကြသည်။

ရုံးခန်းမှာ အရှိန်ပြင်းပြင်းနှင့် လည်ပတ်နေသော ပန်ကာမှ ပန်ကာရွက်တို့ လေတိုးသံ၊ တရားသူကြီး၏ စာရွက်လှန်လှော်သံတို့သည်သာ ပေါ်ထွက်နေသည်။

"ဒီအမှုနဲ့ပတ်သက်လို့ ဒီကနေ့ စီရင်ချက်ချရမယ့်နေ့"

စက္ကူနွမ်းချထားသော တရားသူကြီး၏အသံကို ကြားရသည်။ သူသည် လက်နှိပ်စက်ဖြင့် အသင့်ရိုက်ယူလာသော စီရင်ချက်ကို ထုတ်ယူလိုက်သည်။

ရုံးခန်းထဲမှာ ပိုမိုတိတ်ဆိတ်သွားသည်ဟု ထင်ရသည်။ လူအားလုံးတို့ကို ကျောက်ဆစ်ရုပ်တုများ အဖြစ်သို့ ပြောင်းလွဲလိုက်သလိုဖြစ်သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် တရားသူကြီးကို စူးစိုက်ကြည့်လျက်ရှိသည်။ တရားသူကြီး၏ ရုပ်သွင်တစ်ခုတည်းကိုသာ မြင်တွေ့နေရသည် မဟုတ်။ သူ၏အမြင်သို့ တရားသူကြီးနှင့် နီးစပ်လျက်ရှိသောအရာအားလုံး ဝင်လာသည်။ နိုင်ငံတော်၏ ခေါင်းဆောင်ကြီးများ ဓာတ်ပုံတို့သည် လည်းကောင်း၊ နိုင်ငံတော်အလံသည်လည်းကောင်း၊ နိုင်ငံတော်တံဆိပ်သည်လည်းကောင်း၊ တရားမျှတခြင်း၊ သမာဓိရှိခြင်း စသောအဓိပ္ပာယ်ကို အလေးအနက်ဆောင်ယူထားဘိသကဲ့သို့ ရှိသည်။

သူ၏အကြားအာရုံသို့ တရားသူကြီး၏ ခံ့ညားအောင်မြင်သော အသံလှိုင်းသည် လာရောက်ရိုက်ခတ်နေလေသည်။

တရားသူကြီးက လက်နှိပ်စက်ဖြင့်ရိုက်ထားသော စီရင်ချက်ကို ဖတ်ပြနေခြင်းဖြစ်သည်။

တရားသူကြီးက ရေနံ့သာခင်ခင်ကြီး၏အမှုမှာ ကြုံဆုံခဲ့ဖူးသမျှ အမှုတကာတို့အနက် သိမ်မွေ့ဆုံးသော အမှုတစ်မှုဖြစ်ခဲ့ဖူးကြောင်း၊ ထို့ကြောင့် ယင်းအမှုကို ကိုင်တွယ်သုံးသပ်ရာ၌ အခက်အခဲနှင့် ကြုံရကြောင်း၊ အချိန်လောက်လောက်ငငယူခဲ့ရကြောင်း၊ အမှုသွားအမှုလာကို သေချာစွာ စေ့ငုခဲ့ကြောင်း၊ စွဲချက်တင်ထိုက် မတင်ထိုက် အဆုံးအဖြတ်ပေးခဲ့ရာတွင်ပင် လွယ်ကူခြင်းမရှိခဲ့ကြောင်း၊ တရားလိုအကျိုးဆောင်၏ လျှောက်လဲချက်များ၊ တရားခံအကျိုးဆောင်၏ လျှောက်လဲချက်များ၊ နှစ်ဖက်စလုံးက တင်ပြသော သက်သေတို့၏ ထွက်ချက်များ၊ လက်ဗွေပါရဂူ၊ လက်နက်ပါရဂူ စသောအသိပညာရှင် အတတ်ပညာရှင်တို့၏ ထွက်ဆိုချက်များကို စိစစ်ကြားနာခဲ့ကြောင်း စသည်ဖြင့် နိဒါန်းစကားအားဖြင့် ဖော်ပြသည်။

ရေနံ့သာခင်ခင်ကြီး၏အမှုမှာ သိမ်မွေ့သည်နှင့် အမျှ နက်နဲခြင်းလည်းရှိကြောင်း၊ အသတ်ခံရသူ လူသတ်မှုကျူးလွန်သည်ဟု ယူဆရသူတို့၏ အနေအထားအရ ကွာဟခြားနားမှုများစွာရှိခဲ့ကြောင်း၊ သက်သေထွက်ချက်များအရ ၎င်းတို့နှစ်ဦး၏ ကာလရှည်လျားစွာက ကြောင်းခြင်းရာများသည် ခံပြင်းဖွယ်၊ နာကြည်းဖွယ်၊ ဒေါသဖြစ်ဖွယ်တို့ဖြင့် ပြွမ်းတီးနေကြောင်း။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ရင်မှာ ခုန်လာသည်။ တုန်လှုပ်လာသည်။ သူသည် တရားသူကြီး၏ စကားကို စူးစိုက်နားထောင်နေသည်။ စင်စစ်တွင်မူ သူ၏အာရုံမှာ ပျံ့လွင့်ချင်သည်။ စိတ်သန္တာန်သည် ကျဉ်းမြောင်းကျပ်တည်းသော ရုံးခန်းပြင်ပသို့ လွင့်စဉ်ထွက်ရောက်သွားချင်သည်။ ဤသည်ကို သတိနှင့် ထိန်းချုပ်နေရသည်။ သို့တိုင်အောင် တစ်ခါတစ်ခါတွင် စိတ်သည် ဝေ၍ဝေ၍သွားသည်။ အမြင်အားလုံးသည် ဝါး၍ဝါး၍သွားသည်။ တရားသူကြီး၏ အသံတို့သည် အဝေးမှ ပျံ့လွင့်ရောက်ရှိလာသည့်နှယ်ဖြစ်သည်။ ပွဲတင်သံသဖွယ်လည်း ရိုက်ခတ်လာတတ်ချေသေးသည်။

တရားလိုအကျိုးဆောင်ပညာရှိ ဝတ်လုံတော်ရမင်း တင်ပြသော သက်သေတို့၏ ထွက်ချက်များသည် စဉ်းစားချင်ဖွယ်ရှိခဲ့ကြောင်း၊ ငွေညှစ်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ အနိုင်ကျင့်ခံရခြင်း စသည်တို့သည် လူတစ်ဦးတစ်ယောက်၏ အဇ္ဈတ္တသဏ္ဍာန်၌ နာကြည်းခံပြင်းမှုကို မွေးမြူပေးနိုင်ကြောင်း၊ ယင်းဂယက်ကို ထန်နိုင်စေခဲ့ကြောင်း။ ထို့ကြောင့် ရေနံ့သာခင်ခင်ကြီးအနေနှင့် မိမိအပေါ် ယင်းသို့ပြုမူခဲ့သူကို ပြန်လည်လက်စားချေမည်ဆိုလျှင်လည်း ချေနိုင်သည်ပင်ဖြစ်ကြောင်း။

ရုံးခန်းသည် ပိုမိုတိတ်ဆိတ်သွားသည်။ တရားသူကြီး၏အသံသည် ပိုမိုကျယ်လောင်လာသည်ဟု ထင်မှတ်ရသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် အမှတ်မထင်ဆိုသလို ရုံးခန်းအတွင်းဘက်သို့ လှမ်းကြည့်လိုက်သည်။ ထိုအခါ လူတကာတို့မျက်နှာများသည် ဖြူဖျော့နေသည်ဟု ထင်ရပါသည်။ သွေးဆုတ်နေသည်ဟု ထင်ရပါသည်။

ဗိုလ်မှူးညိုထွန်း၊ ကိုကို၊ မဝင်းရီ၊ ၎င်းတို့သည် တကယ်ပင် ကျောက်ဆစ်ရုပ်ကြီးများနှယ် ဖြူဖျော့ဖျော့ဖြစ်နေသည်ဟု မှတ်ယူသည်။

တရားသူကြီးမင်းသည် ၎င်း၏စီရင်ချက်ကို ကရားနှုတ်သီးမှလွှတ်အပ်သော ရေအလျဉ်နှယ် တစ်ဆက်တည်း ဆက်လက်ဖတ်ပြနေသည်။

လက်ဗွေပါရဂူတို့သည် သေဆုံးသူမောင်မောင်ဦး၏အိမ်မှ အလောင်းအနီးမှာတွေ့ခဲ့ရသော သေနတ်ပေါ်မှ လက်ဗွေရာများကို တရားခံအဖြစ်ယူဆရသူ ရေနံ့သာခင်ခင်ကြီး၏ လက်ဗွေတို့နှင့် တူညီသည်ဟု မှတ်ချက်ချခဲ့ကြသည်။ လက်နက်ပါရဂူတို့ကလည်း အခင်းဖြစ်စဉ်က တွေ့ရှိရသော သေနတ်မှ ကျည်ဆန်သည် သေဆုံးသူ၏ကိုယ်ထဲမှ ထုတ်ယူရရှိသော တစ်ထောင့်တည်းသောကျည်ဆန်နှင့် တူညီသည်ဟု မှတ်ချက်ချခဲ့သည်။ ထိုစဉ်က အသုံးပြုသော လက်နက်မှာ ယင်းလက်နက်ပင်ဖြစ်ကြောင်း အခင်းဖြစ်စဉ်က စစ်ဆေးတွေ့ရှိသည့် ရဲအရာရှိနှင့် သက်သေအမှတ်တစ် မခင်သန်းနွဲ့တို့က ထွက်ဆိုခဲ့သည်။ ထို့ကြောင့် ဒေါ်ရေနံ့သာခင်ခင်ကြီးသည် သေနတ်တစ်လက်ကို ကိုင်ဆောင်ကာ သေဆုံးသူအား ပစ်ခဲ့ကြောင်း။ ယူဆမည်ဆိုက ယူဆထိုက်ကြောင်း။ ရေနံ့သာခင်ခင်ကြီးအား လူသတ်သမားဟု ထင်မြင်မည်ဆိုလျှင် ထင်မြင်နိုင်စွမ်းအကြောင်းတို့ရှိကြောင်း။

၎င်းပြင် တရားခံဟုယူဆရသူ ရေနံ့သာခင်ခင်ကြီး ကိုယ်တိုင်က သေဆုံးသူ မောင်မောင်ဦးအား သတ်ဖြတ်ခဲ့ခြင်းကို ငြင်းပယ်မှုမရှိခဲ့။

အထက်ပါအကြောင်းခြင်းရာများကို ဆန်းစစ်ထောက်ထားလျက် အခင်းဖြစ်စဉ်က ပါဝင်ခဲ့သော လက်နက်ပစ္စည်းတို့က လူသတ်တရားခံအား မည်သူမည်ဝါဟု ဖော်ပြနေသလိုရှိခဲ့ကြောင်း၊ အကယ်၍ တရားခံအနေနှင့် သေဆုံးသူအား လက်စားချေခြင်းသဘော၊ လက်တုံ့ပြန်ခြင်းသဘောဖြင့် သတ်မည်ဆိုလျှင် သတ်ထိုက်သောအကြောင်းအချက်များကို မြင်တွေ့နေရကြောင်း။

**ဆက်လက်ဖော်ပြပါမည်။**

**"တရားသူကြီးက ရေနံ့သာခင်ခင်ကြီး၏အမှုမှာ ကြုံဆုံခဲ့ဖူးသမျှ အမှုတကာတို့အနက် သိမ်မွေ့ဆုံးသော အမှုတစ်မှုဖြစ်ခဲ့ဖူးကြောင်း၊ ရေနံ့သာခင်ခင်ကြီး၏အမှုမှာ သိမ်မွေ့သည်နှင့်အမျှ နက်နဲခြင်းလည်းရှိကြောင်း၊ အသတ်ခံရသူ လူသတ်မှုကျူးလွန်သည်ဟု ယူဆရသူတို့၏ အနေအထားအရ ကွာဟခြားနားမှုများစွာရှိခဲ့ကြောင်း၊ သက်သေထွက်ချက်များအရ ၎င်းတို့နှစ်ဦး၏ ကာလရှည်လျားစွာက ကြောင်းခြင်းရာများသည် ခံပြင်းဖွယ်၊ နာကြည်းဖွယ်၊ ဒေါသဖြစ်ဖွယ်တို့ဖြင့် ပြွမ်းတီးနေကြောင်း။ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ရင်မှာ ခုန်လာသည်။ တုန်လှုပ်လာသည်။ သူသည် တရားသူကြီး၏စကားကို . . ."**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏာသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၂၅ ဆူ | ၃၉၅ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၈ တိုင် | ၆၂ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၅ ကျင်း | ၂၀၈၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၇ ကျင်း | ၂၀၁. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၀ ကျင်း | ၁၆၁၅. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

**ဦးတင်မြင့်**

**ညွှန်ကြားရေးမှူး(ကမ်းလွန်)(ငြိမ်း)၊**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**အကြံပေးအရာရှိ-စွမ်းအင်ဝန်ကြီးဌာန၊**
**နာယက-မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊**
**နာယက-မန္တလေးအသင်း(ရန်ကုန်)၊ နာယက-MOGSS**

**အသက်(၈၃)နှစ်**

(အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်-ဒေါ်ခင်ခင်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ၈-မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ မောရဝတီလမ်း၊ အမှတ်(၁၃၅-F)နေ ဒေါ်ရှယ်လီ(ခ)ဒေါ်ဝေမာ၏ခင်ပွန်း၊ ဒေါက်တာမြတ်ထူးရာဇတ်-Dr. Kathrine K. Bond၊ ကပ္ပတိန် အောင်ထူးရာဇတ်၊ ဦးလှမျိုးထွန်း(အထွေထွေမန်နေဂျာ-ငြိမ်း၊ MOGE)-ဒေါက်တာညိုမီရာဇတ်တို့၏ဖခင်၊ Kaung Myat Bond Razak ၏အဘိုး ဦးတင်မြင့်သည် ၂၁-၇-၂၀၂၂ ရက် နံနက် ၆:၄၀ နာရီတွင် အလ္လာအရှင်မြတ်၏အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ ဒါဖွနာပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဦးတင်မြင့်**

**ညွှန်ကြားရေးမှူး(ကမ်းလွန်)(ငြိမ်း)၊**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**အကြံပေးအရာရှိ-စွမ်းအင်ဝန်ကြီးဌာန၊**
**နာယက-မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊**
**နာယက-မန္တလေးအသင်း(ရန်ကုန်)၊ နာယက-MOGSS**

**အသက်(၈၃)နှစ်**

(အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်-ဒေါ်ခင်ခင်)တို့၏ သားကြီး၊ ဦးလှကြည်ရာဇတ်-(ဒေါ်ခင်ဝင်းမေ)၊ (ဦးခင်မောင်လတ်)-ဒေါ်ခင်ခင်စိန်တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ ၈-မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ မောရဝတီလမ်း၊ အမှတ်(၁၃၅-F)နေ ဒေါ်ရှယ်လီ(ခ)ဒေါ်ဝေမာ၏ ခင်ပွန်း ဦးတင်မြင့်သည် ၂၁-၇-၂၀၂၂ ရက် နံနက် ၆:၄၀ နာရီတွင် အလ္လာအရှင်မြတ်၏ အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ ဒါဖွနာပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

**ဝမ်းနည်းကြေကွဲခြင်း**

**ဦးရန်နောင်စိုး**

**First Energy Services Co.,Ltd**

**အသက်(၄၀)**

နေပြည်တော်/ပျဉ်းမနားမြို့၊ သူကြီးစု(၁) ရွာကောက်ရပ်ကွက်၊ ဆည်ပေါင်ရိုးလမ်း၊ အမှတ် (၃/၉၈)နေ ဦးရန်နောင်စိုးသည် ၂၀-၇-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ညနေ ၅:၄၅ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**First Energy Services Co.,Ltd**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ခရစ်တော်၌အိပ်ပျော်ခြင်း**

**ဦးအောင်သူ (a) Edmund Jude Hlakyi**

**အသက် (၆၂)နှစ်**

ရန်ကုန်မြို့နေ [ညွှန်ကြားရေးမှူး၊ စက်မှု(၁)-ငြိမ်း ဦးလှကြည်-ဒေါ်မာသာလှကြည်]တို့၏သားကြီး၊ (ဦးမြတ်သူ)၊ ဒေါ်ယဉ်ယဉ်ကြည်-ဦးသိန်းဇော်(USA)တို့၏အစ်ကိုကြီး၊ ဒေါ်နီနီလွင်၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါက်တာထက်အောင်ခိုင်(USA)၊ မယဉ်မျိုးသူ(USA)တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး ဦးအောင်သူသည် ၁၈-၇-၂၀၂၂ ရက် နံနက် ၈:၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ရေဝေးသုသာန်၌ ဆုတောင်းဝတ်ပြု၍ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ အမှတ်(၆၅၄/၆၅၅)၊ ပြည်ထောင်စုလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မြင့်မြင့်သန်း (R.I.T 71C)**

**အသက်(၇၅)နှစ်**

ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်မှ ဒါရိုက်တာအဖွဲ့ဝင် ဦးသိန်းသန်းတိုး၏ မိခင်ကြီး ဒေါ်မြင့်မြင့်သန်း အသက်(၇၅)နှစ်သည် ၂၀-၇-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆောက်လုပ်ရေး၊ အိမ်ရာနှင့်**
**အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်**

# အထူး နှမြောတသ ဝမ်းနည်းကြေကွဲခြင်း

ဆွေမျိုးရင်းချာသဖွယ်စောင့်ရှောက်ပြီး မည်သူ့ကိုမဆို လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်ကြီးငယ်မရွေး၊ အကူအညီလိုသူများကို ချက်ချင်းကူညီပေးလေ့ရှိသော၊ လေးစားချစ်ခင်ရပါသော ရန်ကုန်မြို့၊ ၈-မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ မောရဝတီလမ်း၊ အမှတ်(၁၃၅-F)နေ အာဇာနည်ခေါင်းဆောင်ကြီး (ဦးရာဇတ်-ဒေါ်ခင်ခင်)တို့၏သားကြီး၊ ဒေါ်ရှယ်လီ(ခ)ဒေါ်ဝေမာ၏ခင်ပွန်း ဦးတင်မြင့် အသက်(၈၃)နှစ် [(ညွှန်ကြားရေးမှူး၊ ကမ်းလွန်ရေနံ-ငြိမ်း) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အကြံပေးအရာရှိ-စွမ်းအင်ဝန်ကြီးဌာန၊ နာယက-မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊ နာယက-မန္တလေးအသင်း(ရန်ကုန်)၊ နာယက-MOGSS] ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူ အထူး နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

**YOUNG INVESTMENT GROUP မိသားစု**

## ဒေါ်မူမူဝင်း
**ဌာနမှူး(ငြိမ်း)၊ ရေနံဓာတု**
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ တိုက်(၁၀)၊ အခန်း(၂၀၂)။ ကမ္ဘာအေးအိမ်ရာဝင်းနေ (ဦးစံဝင်း-ဒေါ်တိုးခင်)တို့၏သမီး၊ (ဦးမင်းသွင်-ဒေါ်ကြည်ကြည်လှ)တို့၏သမီးချွေးမ၊ ဦးဟန်သွင်၏ဇနီး၊ ဦးဖြိုးဟန်သွင်-နန့်သူဇာရွှေတို့၏ မွေးသမိခင်၊ ဒေါ်ခင်ခင်ဝင်း၊ ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း)-ဒေါ်အေးသန်း၊ ဦးရဲမြင့်-ဒေါ်အေးအေးဝင်း၊ ဦးတင်မောင်ဝင်း (မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်-ငြိမ်း)-ဒေါ်ပေို၊ (ဒေါ်ရီရီဝင်း)၊ ဦးခင်မောင်ချို-ဒေါ်သီတာ၊ ဦးခင်မောင်ဘို-(ဒေါ်ခင်မြင့်)၊ (ဒေါ်ဖြူဖြူဝင်း)၊ ဦးမောင်မောင်ကျော်-ဒေါ်အေးအေးသွယ်၊ ဒေါက်တာဒေါ်သန်းသန်းသွင်-(ဦးခင်မောင်ရင်)၊ ဒေါ်အိအိသွင်-ဦးအောင်ကျော်ရှိန်း၊ ဒေါ်ချိုချိုသွင်၊ ဦးလှသွင်- ဒေါ်ယဉ်ယဉ်မော်တို့၏ ညီမ/အစ်မ ဒေါ်မူမူဝင်းသည် ၂၁-၇-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၅၀ နာရီတွင် နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၂၂ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးတင်မြင့်**
**အသက်(၈၃)နှစ်**
**Geologist**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၈-မိုင်၊ မောရဝတီလမ်းနေ အာဇာနည်ခေါင်းဆောင်ကြီး (ဆရာကြီး ဦးရာဇတ်-ဒေါ်ခင်ခင်) တို့၏ သားကြီး၊ ဒေါ်ရှယ်လီ၏ခင်ပွန်း၊ မြို့မအမျိုးသားကျောင်းသားဟောင်း၊ မြို့မအမျိုးသားကျောင်းရာပြည့်ပွဲကျင်းပရေးဦးစီးကော်မတီနာယက၊ ကျင်းပရေးလုပ်ငန်းကော်မတီ ဒု-ဥက္ကဋ္ဌ ဦးတင်မြင့်သည် ၂၁-၇-၂၀၂၂ ရက် နံနက် ၆:၄၀ နာရီတွင် အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မြို့မအမျိုးသားကျောင်းရာပြည့်ပွဲကျင်းပရေး**
**ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများ**
**အ.ထ.က(၂)ဒဂုံ(မြို့မကျောင်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးတင်မြင့်**
**ညွှန်ကြားရေးမှူး (ကမ်းလွန်) (ငြိမ်း)၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**အကြံပေးအရာရှိ-စွမ်းအင်ဝန်ကြီးဌာန၊ နာယက - မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း**
**နာယက - မန္တလေးအသင်း (ရန်ကုန်)၊ နာယက - MOGSS**
**အသက်(၈၃)နှစ်**

(အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်-ဒေါ်ခင်ခင်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ၈-မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ မောရဝတီလမ်း၊ အမှတ် (၁၃၅-F)နေ ဒေါ်ရှယ်လီ(ခ) ဒေါ်ဝေမာ၏ခင်ပွန်း၊ ဒေါက်တာမြတ်ထူးရာဇတ်-Dr. Kathrine K Bond၊ ကပ္ပတိန် အောင်ထူးရာဇတ်၊ ဦးလှမျိုးထွန်း (အထွေထွေမန်နေဂျာ-ငြိမ်း၊ MOGE)-ဒေါက်တာညိုမီရာဇတ်တို့၏ဖခင်၊ Kaung Myat Bond Razak ၏အဘိုး ဦးတင်မြင့်သည် ၂၁-၇-၂၀၂၂ ရက် နံနက် ၆:၄၀ နာရီတွင် အလ္လာအရှင်မြတ်၏ အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

## ဝမ်းနည်းကြေကွဲခြင်း

ဦးတင်မြင့် (ညွှန်ကြားရေးမှူး၊ ကမ်းလွန်ရေနံရှာဖွေရေး-ငြိမ်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)သည် ၂၁-၇-၂၀၂၂ ရက်နေ့ နံနက် ၆:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(ကမ်းလွန်)နှင့် ဝန်ထမ်းများ**
**ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ဌာန**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့ အတူ ဆက်လက် ဆောင်ရွက်စို့**

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်သန်း (R.I.T 71C)
## အသက်(၇၅)နှစ်

ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်မှ ဒါရိုက်တာအဖွဲ့ဝင် ဦးသိန်းသန်းတိုး၏ မိခင်ကြီး ဒေါ်မြင့်မြင့်သန်း အသက်(၇၅)နှစ်သည် ၂၀-၇-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဒါရိုက်တာများ**
**ဆောက်လုပ်ရေး၊ အိမ်ရာနှင့်**
**အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်**

**ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဝါဆို)၊ မြေကွက်အမှတ်(၅၁၇)၊ ဧရိယာ(၂၅x၅၀)ပေရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ အောင်တံခွန်လမ်း၊ အမှတ်(၃၁)ဟုခေါ်တွင်သည့် မြေနှင့်အဆောက်အအုံအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါမြေကွက်နှင့်အဆောက်အအုံ၏ တရားဝင်အမည်ပေါက်ပိုင်ရှင် **ဒေါ်ကြည်ကြည်ထွန်း [၁၄/မအပ(နိုင်)၁၄၆၉၈၃]**ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(စဉ်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇) B.Sc,Hon(IC),HGP,R.L,D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း(LL.B)(စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044**

**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ နဝရတ်လမ်းသွယ်(၃)လမ်း မြေတိုင်းရပ်ကွက်အမှတ် (ပတ္တမြားတောင်)၊ မြေကွက်အမှတ်(၄၆၅)၊ အကျယ်အဝန်း(၃၀'x၅၀')ရှိ ဒေါ်ဝင်းဝင်းမြင့် [၁၂/ဒဂန(နိုင်)၀၁၈၄၀၈] အမည်ပေါက်ဂရန်မြေအား ကန့်ကွက်နိုင်ပါသည်။**

အထက်ဖော်ပြပါ မြေ၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုလက်ရှိစာချုပ်အဆက်ဆက်များအရ တရားဝင်ပိုင်ဆိုင်ထားသူ ဦးဝင်းနိုင် [၁၂/ဒဂန(နိုင်)၀၀၉၀၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတချို့အားပေးချေပြီးဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ၎င်းမြေကွက်နှင့် သက်ဆိုင်သည့်စာချုပ်စာတမ်းမူရင်းများအားလုံးဖြင့် ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်၍ အပြီးပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-** **တရားလွှတ်တော်ရှေ့နေ ဒေါ်တင့်တင့်ခိုင်**
**(စဉ်-၁၄၈၅၃) LL.B, DBL, DIL, CBL**
**ဖုန်း ၀၉-၄၂၀၀၃၂၇၂၂**
**အမှတ်(၃၄၇)၊ မာလာရုံလမ်း၊ လှိုင်မြို့နယ်။**

**မင်္ဂလာဒုံမြို့နယ်၊ (ထောက်ကြန့်-နွယ်ခွေ) (၃၁)ရပ်ကွက်၊ အမှတ်(၃) ဆက်သွယ်လမ်း၊ ကွင်းအမှတ်-၅၂၉(ဘီ)၊ ဦးပိုင်အမှတ်-N3/N12၊ မြေကွက်အမှတ်-၂၉၃၊ အကျယ်ပေ(၁၂၄/၁၁၀x ၃၃၇/၃၂၃) ရှိ ဦးညီညီအောင် အမည်ပေါက် မြေခွန်ပြေစာထွက်ရှိထားသော မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးစုံပါ (၁ထပ်)တိုက် လူနေအိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါ အိမ်မြေအား လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပြေစာအမည်ပေါက် ပိုင်ရှင် ဦးညီညီအောင်[၁၂/ဗတထ(နိုင်)၀၁၀၇၇၆]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ရည်ဝေသိမ့် [၁၃/တကန(နိုင်)၂၀၆၁၅၀] ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါအိမ်မြေ၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ရည်ဝေသိမ့်** | **ဒေါ်ခင်မာလွင် (LL.B.,D.B.L)** |
| **[၁၃/တကန(နိုင်)၂၀၆၁၅၀]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်-၅/၂၃၁၊ ဘောဂဗလလမ်း၊** | **အမှတ်-၁၉၂၊ ဗိုလ်ချုပ်လမ်း၊** |
| **မင်္ဂလာရွှေဗဟိုရပ်ကွက်၊** | **(၂) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| **ရွှေညောင်မြို့။** | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ကြော်ငြာစာ
**အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၇၆**
**ကွယ်လွန်သူ ဒေါ်စန်းစန်းမြင့် ၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ဒေါ်သန်းသန်း — လျှောက်ထားသူ
[၁၂/ရပသ(နိုင်)၀၀၄၅၈၉]
အမှတ်(၃၃/က)၊ တောင်ကြီးလမ်း၊ ၆/၁၁ ရပ်ကွက်၊
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၆/၁၁ ရပ်ကွက်၊ တောင်ကြီးလမ်း၊ အမှတ် (၃၃/က)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်စန်းစန်းမြင့်၏ ကျန်ရှိရစ်သောပစ္စည်းနှင့်စပ်လျဉ်း၍ အမွေဆက်ခံခွင့် လက်မှတ်ထုတ်ပေးပါမည့်အကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၆/၁၁ ရပ်ကွက်၊ တောင်ကြီးလမ်း၊ အမှတ်(၃၃/က)နေ ဒေါ်သန်းသန်းမှ အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်၊ (၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆုတ် ၅ ရက်)နေ့တွင် ကြားနာရန် ချိန်းဆိုထားသောကြောင့် ထိုကွယ်လွန်သူ ဒေါ်စန်းစန်းမြင့်၏ ကျန်ရှိရစ်သောပစ္စည်းတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်ဟု အဆိုရှိသူတို့သည် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်၊ (၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆုတ် ၅ ရက်)နေ့ နံနက် (၁၀:၀၀)နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း၊ လာရောက်အမှုရင်ဆိုင်ရန်နှင့် အမွေဆက်ခံခွင့်လက်မှတ်စာမထုတ်ပေးမီ သက်ဆိုင်ရာအမှုတွဲအား ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့် အညီ ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော လျှောက်ထားသူ ဒေါ်သန်းသန်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၂၀)ရက်နေ့၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ယဉ်နွယ်ဝင်း)**
**တွဲဖက်ခရိုင်တရားသူကြီး (၄)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း


ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ ကိုင်းတန်းလမ်း၊ (၅)လွှာ၊ အမှတ် (၇၀)ဟုခေါ်တွင်သော ပေ(၂၅x၅၀)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သည့် ဦးမောင်တင် [၇/ပမန(ဧည့်)၀၀၀၁၃၉]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဇော်သက် [၁၂/ကတတ(နိုင်)၁၂၆၂၇၅]က ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**

| | |
|---|---|
| **ဒေါ်နှင်းပွင့်လှိုင်** | **ဦးညွန့်လှိုင်** |
| **LL.B** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၄၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၇၀၆)** |

**အမှတ်(၃၃၀)၊ ဥဒ္ဒနာ(၆)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၉၃၂၈၇၊ ၀၉-၇၆၁၅၃၃၀၆၃**

**အပြင်ထွက်တိုင်း**
**ပါးစပ်နှင့် နှာခေါင်းစည်း (MASK) ကို**
**စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ညီညွတ်စွာ အချင်းချင်းအပြန်အလှန် ချစ်ခင်လေးစားမှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီး တည်ဆောက်မည်ဟူသော ခိုင်မာသည့် သန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာတည်ဆောက်မည်ဖြစ်ရာ အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကိုလည်း ပြုစုပျိုးထောင်သွားရမည်ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက်)

၁၂-၂-၂၀၂၁

# မန္တလေးတိုင်းဒေသကြီး ခရိုင်သုံးခု၌ ဆောင်းနေကြာမျိုးစေ့ထုတ် စိုက်ဧက ၇၀၀ စိုက်ပျိုးသွားမည်



မန္တလေး ဇူလိုင် ၂၁

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်သုံးခု၌ ဆောင်းနေကြာမျိုးစေ့ထုတ် စိုက်ဧက ၇၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းမျိုးစေ့တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မင်းမင်းသွင်က ပြောကြားသည်။

အဆိုပါ ဆောင်းနေကြာမျိုးစေ့ထုတ်စိုက်ဧကများကို ခရိုင်သုံးခုရှိ မြို့နယ် ငါးမြို့နယ်တွင် ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာပေါင်း ၂၃ ရွာ၊ တောင်သူ ၂၃၀ တို့ဖြင့် ကျောက်ဆည်ခရိုင်တွင် ဧက ၃၀၀၊ မိတ္ထီလာခရိုင်တွင် ဧက ၁၀၀၊ ရမည်းသင်းခရိုင်တွင် ဧက ၃၀၀ စုစုပေါင်း ဧက ၇၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ပြီး မျိုးကွဲအနေဖြင့် ဆင်းရွှေကြာ(၂) မျိုးမှာ ဧက ၆၂၀ နှင့် ရေဆင်း(၁)စပ်မျိုးမှာ ဧက ၈၀ တို့ကို လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

" ဆောင်းနေကြာကို စက်တင်ဘာလမှ အောက်တိုဘာလအတွင်း စိုက်ပျိုးလေ့ရှိပါတယ်။ **စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳**

## နောက်ကျဂိုးများဖြင့် မြဝတီအသင်း နိုင်ပွဲဆက်



မြဝတီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ရန်ကုန် ဇူလိုင် ၂၁**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄) နောက်ဆုံးနေ့ကို ဇူလိုင် ၂၁ ရက်က ဆက်လက်ကျင်းပရာ မြဝတီအသင်းက ရခိုင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

တန်းတက်မြဝတီအသင်းသည် ရလဒ်ကောင်းများ ဆက်တိုက်ရယူနေပြီး ယခုပွဲတွင်လည်း နောက်ကျဂိုးများဖြင့် အနိုင်ရရှိကာ သုံးပွဲဆက်တိုက်အနိုင်ရရှိခဲ့သည်။ နိုင်ပွဲမရသေးသည့် ရခိုင်ယူနိုက်တက်အသင်းသည် ပထမဆုံးနိုင်ပွဲရရန် ကြိုးပမ်းခဲ့ပြီး ပွဲချိန် ၈၉ မိနစ်အထိ **စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ○**

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂၁**

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက်အပြည့်အစုံမှာ -

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳**


**ယနေ့** ဖတ်စရာ

**မီဒီယာအမည်ခံ လေလှိုင်းပေါ်က လူသတ်သမားများ၏ ဝါဒဖြန့်ချိမှုများနှင့် သတင်းအဆိပ်ခတ်နေမှုများ**
ဆောင်းပါး စာမျက်နှာ - ၆

**ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်**
စာမျက်နှာ - ၁၅